# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင် နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း



## အပိုင်း(၁)

တစ်နေ့သ၌ ကျွန်ုပ်တို့ စုံထောက်ကျော်တစ်စုသည် အင်းစိန်စီအိုင်ဒီရုံးခန်းအတွင်း ထိုင်လျက် ဆပ်ကျောင်းဆင်းကာစ တွေ့ကြုံခဲ့ရသော ကိုးရိုးကားယား အဖြစ်အပျက်များကို ပြောဆိုနေကြလေ၏။ စုံထောက်ဦးပေါ်ဦးက . . . .

“ ကျုပ် ဆပ်ကျောင်းဆင်းကာစ ကမ်းနားလမ်းက ဘိန်းခန်းတစ်ခုက နာမည်ကြီးပဲဗျ၊ လူမိုးလူမိုက်တွေလည်း အင်မတန်ပေါတယ်၊ ဒီဘိန်းခန်းတွေမှာ လူသတ်မှုဖြစ်ရင် လက်သည်မပေါ်တာက များတယ်၊ ဗိုလ်တစ်ထောင်ငမိုးလို လူမိုက်ကြီးတွေတောင် ဒီဘိန်းခန်းတွေကို လက်ရှောင် ထားတယ်ဗျ၊ အဲဒီ တုန်းက ကျုပ်ကလည်း လသာလမ်းဂိတ်ကို ရောက်ကာစဗျ၊ တရားခံပြေး တစ်ယောက် ဘိန်းခန်းကို ရောက်နေတယ်လို့ သတင်းရတယ်၊ ဒီတော့ ဂိတ်က ပုလိပ်တွေက ဘိန်းခန်းကို မသွားချင်လို့ ကျုပ်ကို မြှောက်ပင့်ပြီး လွှတ်လိုက်တယ်၊ ကျုပ်ကလည်း ပုလိပ်ဖြစ်ကာ စ သွေးကြွနေတဲ့သူဆိုတော့ ကျုပ်နဲ့အတူ အူတူတူ ပုလိပ်သား လေးတစ်ယောက်ပဲ အဖော်ပါတယ်၊ ဒီကောင်းလေးကလည်း နယ်က ပြောင်းလာတာဗျ . . . .

ဒီလိုနဲ့ ကျုပ်တို့နှစ်ယောက်ဟာ ဘိန်းခန်းရှေ့ရောက်တော့ လှေကားအတိုင်း သုံးထပ်ကို တက်ခဲ့တယ်ဗျ၊ အပေါ်ထပ်လည်းရောက်ရော သစ်သားတံခါးကြီးကို စိရုံစိထားတယ်၊ ကျုပ်လည်း ရုပ်ရှင်ထဲကလို ဟန်ပါပါနဲ့ ဘိန်းခန်းတံခါးကို ခြေထောက်နဲ့ ဝုန်းခနဲ ဆောင့်ကန်ပြီး ခုန်ပျံဝင်သွား တယ်ဗျ၊ တစ်ပြိုင်တည်း ဘိန်းခန်းထဲက လူတွေကို ခြောက်လုံးပြူးနဲ့ ထုတ်ချိန်ပြီး . . . ဟေ့ . . . မလှုပ်နဲ့ . . . လို့ အော်လိုက်သေးတယ်ဗျ၊ ဘိန်းခန်းထဲမှာ လူဆယ့်ငါးယောက်လောက် ရှိတယ် . .

ကျုပ်တို့ အလိုရှိတဲ့ တရားခံပြေး မြဒင်ဟာ တပည့်နှစ်ယောက်နဲ့

ဘိန်းရှုဘို့ ပြင်ဆင်နေ ကာစဗျ၊ ဒီတော့ လက်ရဲဇာက်ရဲနိုင်တဲ့ မြဒင်ဟာ နံရံမှာ ချိတ်ထားတဲ့ ရဲတင်းကြီး ခုန်ဆွဲပြီး ကျုပ်ကို ခုခံဖို့ ပြင်ဆင်တယ်ဗျ၊ ဒီတော့ ကျုပ်ကလည်း ဟော့ကောင် မလှုပ်နဲ့လို့ ပြောနေတာ မရဘူးလား၊ ဒီမှာ မြင်လား ခြောက်လုံးပြူး၊ ထိရင် သေတက်တယ်၊ ပရုပ်ဆီလိမ်းလို့ မရဘူး ”

လို့ ဟန်ပါပါနဲ့ အော်ဟစ်ပြီး ခေါင်မိုးပေါ်ထောင်ပစ်ပြလိုက်တယ်၊ ဒါပေမဲ့ ကျုပ် ခြောက်လုံးပြူးက ဒိုင်းဒနဲ မမြည်ဘဲ ခြောက်ခနဲသာ အသံထွက်လာတယ်၊ ကျုပ်လည်း ခေါင်းနပန်း ထူသွားပြီး ခြောက်လုံးပြူးကို နှစ်ချက် သုံးချက် ထပ်ပစ်ကြည့်တယ်၊ ဒါပေမဲ့ ကျည်ဆန်ကတော့ တစ်တောင့်မှ ထွက်မလာဘူး . . . .

ဒီတော့မှ မြဒင်ဟာ တဟားဟား အော်ရယ်ပြီး ပုလိပ်စုပ် သေပေတော့ လို့ဆိုပြီး ရဲတင်းကြီး နဲ့ ရှေ့တိုးလာတယ်ဗျ၊ သူ့တပည့်တွေကလည်း နံရံပေါ်မှာ အလှချိတ်ထားတဲ့ ရဲတင်းကြီးတွေ ဖြုတ်လိုက်တယ်၊ ကျုပ်လည်း အကြီးအကျယ် ထိတ်လန့်သွားပြီး အဖော်လိုက်လာတဲ့ ပုလိပ်လေး ကို ဟော့ကောင် ပစ်လေကွာ လို့ အော်ဟစ်လိုက်တော့ ပုလိပ်လေးကလည်း ပစ်နေတယ်ဗျ၊ ကျည် ဆန်မှ မထွက်တာ လို့ အလန့်တကြား ပြောတယ်ဗျ၊ အဲဒီ တုန်းကဗျာ ကျုပ်တော့ သေပြီထင်တာ၊ ကံကောင်းချင်တော့ ရဲဝန်ထောက်ဦးဘထွန်းဟာ လာသာလမ်းဂါတ်ကို မမျှော်လင့်ဘဲ ရောက် လာရင်းနဲ့ ကျုပ် တရားခံဖမ်းတာ စိတ်မချလို့ လိုက်လာတာဗျ၊ ကျုပ်တို့ကို လူဆိုးတွေ ဝိုင်းပြီး အမဲ ဖျက်ကာနီးမှ ဦးဘထွန်းတို့အဖွဲ့ အချိန်မီ ရောက်လာတယ်၊ ဦးဘထွန်းသာ လိုက်မလာရင်တော့ ကျုပ်တို့နှစ်ယောက် ပြန်လမ်းမရှိတော့မှာ သေချာတယ်”

ဟုဆိုလိုက်ရာ ကျွန်ုပ်က . . . .

“ နေပါဦး ဦးပေါ်ဦးရယ်၊ ခင်ဗျားတို့ သေနတ်တွေက ဘာဖြစ်လို့ ကျည်ဆန်မထွက်တာလဲ၊ နှစ်ယောက်စလုံး ဒီလိုဖြစ်တော့ ထူးဆန်းလိုက်တာ”

ဟု မေးမြန်းလေ၏ ။ အခြားသော စုံထောက်ကျော်များကလည်း ကျွန်ုပ်ကဲ့သို့ မေးမြန်းကြ ကုန်၏ ။ ထိုအခါ ဦးပေါ်ဦးက တဟားဟား ရယ်မော၍

" ခင်ဗျားတို့ အပြစ်ပြောရင်လည်း ခံရမှာပဲဗျာ၊ ကျုပ် ခြောက်လုံးပြူးထဲမှာ ကျည်ဆန် တစ်တောင့်မှ မရှိဘူး၊ ခြောက်လုံးပြူးထဲမှာ ကျည်ဆန်ဖြည့်ဖို့ မေ့နေတာဗျ"

ဟု ဆိုလိုက်ရာ ကျွန်ုပ်တို့ အားလုံး ဝါးခနဲ ရယ်မောလိုက်ကြလေ၏ ။ စုံထောက်ကိုစိန်မြင့်က ရယ်မောရင်း . . . .

" ဖြစ်မှဖြစ်ရလေ ဦးပေါ်ဦးရယ်၊ ခင်ဗျားကတော့ ဖြစ်လိုက်ရင် အသည်းအသန်ပဲ၊ ဒါနဲ့ ပုလိပ်သားလေး သေနတ်က ဘာဖြစ်လို့ ကျည်မထွက်တာလဲ"

ဟု မေးမြန်းလေ၏ ။ ဦးပေါ်ဦးက

" ဒီကောင့်သေနတ်ကတော့ မတိုက်ချွတ်ဘဲထားလို့ ဂျမ်းဖြစ်သွားတာဗျ"

ဟု ဖြေလိုက်လေ၏ ။ ဦးပေါ်ဦး၏ စကားဆုံးသည်နှင့် ကျွန်ုပ်က . . .

" ဦးပေါ်ဦးက သေနတ်အကြောင်းပြောလို့ ကျုပ်ကလည်း သေနတ်နဲ့ ပက်သက်ပြီး အကြီး အကျယ် ပြဿနာ တကက်တဲ့ကြောင်း ပြောရဦးမယ်၊ ကံကောင်းလို့ အလုပ်မပြုတ်တာဗျ"

ဟု အစချီလိုက်ရာ ဦးပေါ်ဦးက

" ပြောပါဦးဗျ"

ဟု မေးလိုက်လေ၏ ။ ကျွန်ုပ်က . . .

" ဒီတုန်းက ကျုပ်က ကျောက်မြောင်းဈေးရှေ့ ဘိုလိန်းလမ်းအိမ်ကို ရောက်ကာစဗျ၊ ကျုပ် ဇနီးမေနဲ့တောင် မရသေးဘူး၊ လူပျိုဘဝပဲ ရှိသေးတယ်၊ တစ်နေ့တော့ ကျုပ်အိမ်ကို ကျုပ်ဇနီးလောင်း မေနဲ့

သူ့တူမျောက်လောင်းလေးနှစ်ကောင် ရောက်လာတယ်၊ မေက ကျုပ် အိမ်ကို သူ့မွေးနေ့ အထိမ်းအမှတ်အနေနဲ့ မုန့်ဟင်းခါး လာပို့တာဗျ . . . .

ဒီလိုနဲ့ ကျုပ်နဲ့ မေဟာ သူ့တူလေးနှစ်ယောက်ကို ဧည့်ခန်းထဲမှာ ထားပြီး နောက်ဖေးခန်း မှာ မုန့်ဟင်းခါး လက်ဆုံစားဖြစ်တယ်ဗျ၊ ကျုပ်တို့ဟာ ပတ်ဝန်းကျင်ကို မေ့လျော့နေတယ်၊ ဒီအချိန်မှာ မျောက်လောင်းလေးနှစ်ကောင်ဟာ အံ့ဆွဲထဲမှာ ထည့်ထားတဲ့ ကျုပ်ရဲ့ ခြောက်လုံးပြူးကို မြင်သွား ပါလေရောဗျာ၊ ဒီကောင်နှစ်ကောင်ဟာ ခြောက်လုံးပြူးကို ကြည့်ပြီး အတော်သဘောကျသွား တယ်ဗျ . . .

ဒါကြောင့် ခြောက်လုံးပြူးကို မနိုင်တနိုင်နဲ့ ကိုင်ပြီး ခြံထဲ ဆင်းသွားကြတယ်၊ ခဏကြာအောင် ဆော့ပြီး အားမရသေးတာနဲ့ လမ်းတစ်ဘက်မှာရှိတဲ့ ကျောက်မြောင်းဈေးထဲ ဝင်သွားကြတယ်ဗျ”

ကျွန်ုပ်၏ စကားဆုံးသည်နှင့် စုံထောက်များသည် ဟာ ခနဲ ဖြစ်သွားကြပြီး . . . .

“ အတော်ဆိုးတဲ့ ကလေးတွေပါလား”

ဟု ရေရွတ်လိုက်လေ၏။ ကျွန်ုပ်က . . .

“ ဆိုးတာတော့ မပြောနဲ့ဗျို့၊ မျောက်ကတောင် ဆရာခေါ်လောက်တယ်၊ ကျောက်မြောင်း ဈေးထဲဝင်ပြီး တွေ့တဲ့ လူတွေကို သေနတ်နဲ့ လိုက်ချိန်တာဗျာ၊ ဒီကောင်နှစ်ကောင်က အမွှာပူး၊ တစ်ယောက်က ခြောက်လုံးပြူးကို ကိုင်တယ်၊ တစ်ယောက်က သေနတ်အိတ်ကို စလွယ်သိုင်း လွယ်ထားတယ် . . .

ပထမတော့ လူတွေက တကယ့် သေနတ်မှန်း မသိဘူး၊ နောက်မှ တကယ့်သေနတ် မှန်းသိပြီး ၊ ဆိုင်ခုံနောက်မှာ ပုန်းတဲ့သူကပုန်း၊ ဝပ်တဲ့သူကဝပ်နဲ့ တစ်ဈေးလုံး ဆူညံပွက်သွားတာပဲ၊ အမယ် ဒါကို ဒီကောင်တွေက သဘောကျပြီး တဟားဟားရယ်လို့ဗျာ၊ ကံကောင်းသွားတာက ခြောက်လုံးပြူးကို မောင်းတင်ရမှန်း

သူတို့ မသိကြဘူး၊ မောင်းများတင်လို့ရရင်တော့ မတွေးဝံ့ဘူး၊ သေနတ်ထဲမှာ ကျည်ဆန်အပြည့်နဲ့ဗျ . . .

သူတို့အနားကို ကပ်ပြီး သေနတ်ချော့တောင်းဖို့ ပြင်တဲ့ သူတွေကိုလည်း ဒီကောင်တွေက ပစ်မယ်ခတ်မယ် လုပ်တာဗျ၊ ဈေးကွဲချိန်မို့ တော်သေးတာပေါ့ဗျာ၊ နောက်တော့မှ ဈေးထဲက ကျုပ် မိတ်ဆွေတွေက လာပြောလို့ ကမန်းကတန်း လိုက်သွားရတယ်၊ ဘုရားမ လို့ပေါ့ဗျာ. . . ကျည် တစ်တောင့်မှ ထွက်မသွားဘူး၊ ကျုပ်ကဗျာ ရပ်ကွက်လူကြီးတွေကို တောင်းတောင်းပန်ပန်နဲ့ ဖြေရှင်းလိုက်ရတာဗျာ၊ ကံကောင်းလို့ အလုပ်မပြုတ်တယ်”

ဟု ဆိုလိုက်လေရာ ကျွန်ုပ်၏ စကားဆုံးသည်နှင့် စုံထောက်များအားလုံး ဝါးခနဲ ရယ်မော လိုက်ကြလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ စုံထောက်ကျော်များသည် အင်းစိန်စီအိုင်ဒီရုံးအတွင်း ဆပ်ကျောင်း ဆင်းခါစ အတွေ့အကြုံများကို ပြောဆို၍ ရယ်မောနေကြစဉ် ကျွန်ုပ်တို့ ရှိရာသို့ ပြာကာ မောင်ငွေ ရောက်ရှိလာပြီး . . .

“ ဆရာတို့ရေ . . . မင်းကြီး ဆူနေပြီဗျို့၊ အရေးတော်ပုံ ပေါ်နေပြန်ပြီနဲ့တူတယ်၊ အမြန်သွား ကြပေတော့”

ဟု ပြောဆိုလေရာ ကျွန်ုပ်တို့အားလုံး မျက်နှာပိုးသပ်၍ စုံထောက်မင်းကြီး ရုံးခန်းအတွင်းသို့ ဝင်ရန် ပြင်ဆင်ရလေ၏။

ဦးပေါ်ဦးက

“ နာငြီးဦးမယ် ထင်တယ်ဗျို့၊ လူသတ်မှုနဲ့ တူတယ်၊ ကျုပ်တို့ မိတ်ဆွေကြီး မရှိတာ နာတာပဲဗျာ”

ဟု ညည်းညူလေ၏။ ထိုအခါမှပင် ကျွန်ုပ်လည်း ဆားပုလင်းမင်းအောင်ကို သတိရမိ လေ၏။ ဆားပုလင်းမင်းအောင်သည်

မျက်နှာဖြူ အရာရှိတစ်ဦးအား လက်သီးဖြင့် ထိုးမှုနှင့် နယ်ပြောင်းခံနေခြင်း ဖြစ်၏။

အဆိုပါ မျက်နှာဖြူအရာရှိသည် စီအိုင်ဒီရုံးရှေ့ရှိ ထမင်းဆိုင်တွင် ဝင်ရောက်စားသောက်၍ ဆိုင်ရှင်၏ သမီးပျိုကို မဖွယ်မရာ ပြောဆိုနေစဉ်တွင် ဆားပုလင်းမင်းအောင်က ဝင်ရောက် ဆုံးမ ခဲ့ခြင်း ဖြစ်၏။

ဆားပုလင်းမင်းအောင်၏ လက်ချက်ဖြင့် မျက်နှာဖြူအရာရှိသည် သွားသုံးချောင်း ကျွန် ထွက်၍ ဆိုင်ရှေ့တွင် မေ့မြောခဲ့ရ၏။

ကျွန်ုပ်တို့ စုံထောက်ကျော်များ ရုံးခန်းအတွင်း ဝင်ရောက်သွားသောအခါ စုံထောက်မင်းကြီး သည် စားပွဲခုံကို ဝုန်းခနဲ လက်သီးဖြင့် ထု၍ . . .

“ ပုလိပ်တွေ အသုံးမကျဘူး၊ ပြဿနာတစ်ခုဖြစ် လာပြီဆိုရင် စီအိုင်စီကိုပဲ အကူအညီ တောင်းကြတယ်၊ သူတို့မှာ အရည်အချင်း မရှိကြဘူးလား၊ ဂျူဗလီဟောမှာ ပြထားတဲ့ အလွန် အဖိုးထိုက်တန်တဲ့ ပန်းချီကားကြီး ပျောက်ဆုံးသွားပြီလို့ သိရတယ်၊

ပန်းချီကားကြီး ခိုးယူတဲ့သူက လူကလေးတို့ တိုင်းပြည်မှာ နာမည်အလွန်ကြီးတဲ့ ဗာရာဏသီ မိုးမှောင် ဆိုတဲ့သူပဲ၊ ဒီလူဟာ သူခိုးအတတ်ပညာမှာ အလွန်ထူးချွန်တယ်လို့ သိရတယ်၊ ဒါကြောင့် ဗာရာဏသီမိုးမှောင်ဆိုတဲ့ သူကို အမြန်ဆုံး ဖမ်းမိအောင် ကြိုးစားကြပါ . . .

ပန်းချီကားကြီးကိုလည်း ရအောင် ပြန်ယူပေးပါ၊ ပန်းချီကားကြီးကို ပြန်မယူနိုင်ဘူးဆိုရင် သတင်းစာတွေက ကျုပ်တို့ စီအိုင်ဒီကို ဆော်ကြလိမ့်မယ်၊ ဒါကြောင့် ဂျူဗလီဟောခန်းမကို လူကလေးတို့ အမြန်ဆုံး ရောက်အောင် သွားပါ”

ဟု မောင်းထုတ်လိုက်လေ၏။ ကျွန်ုပ်တို့ လူစု မင်းကြီးရုံးခန်းမှ ထွက်ခဲ့ပြီးနောက် ဦးပေါ်ဦးက

“ ဒုက္ခပါပဲဗျာ၊ ကျုပ်တို့တော့ ဗာရာဏသီမိုးမှောင်နဲ့မှ

တိုက်ရိုက်တွေ့ရပြီ၊ ဒီပန်းချီကား ပြန်ရဖို့တော့ မမျှော်လင့်နဲ့၊ ဆုံးပြီးလို့သာ မှတ်လိုက်လေတော့”

ဟု ဆိုလိုက်လေရာ ကျွန်ုပ်က . . .

“ ဒါလောက်လည်း အားမလျှော့ပါနဲ့ဗျာ၊ ကံဆိုတာ ပြောလို့ ရတာ မဟုတ်ဘူး”

ဟု ဆိုလေ၏ ။ ဦးပေါ်ဦးက

“ ဒီတစ်ကြိမ်တော့ ကံကြမ္မာက ကျုပ်တို့ဘက်မှာ ရှိမှာမဟုတ်ဘူးဗျို့၊ ဗာရာဏသီမိုးမှောင် ကို ဘယ်တုန်းက ဖမ်းလို့ရလို့လဲ၊ ဒီလူက မြန်မာရာဇဝင်မှာ ထင်ရှားတဲ့ သူခိုးငတက်ပြားလို လူမျိုးဗျ၊ ကျိကျိတက်ချမ်းသာတဲ့ သူဌေးကြီးတွေရဲ့ အိမ်ကိုမှ ရွေးပြီးတော့ ခိုးတာ၊ ခိုးလို့ ရတဲ့ ပစ္စည်းတွေကိုလည်း မိဘမဲ့ဂေဟာတို့၊ ဆေးရုံတို့ကို ပြန်လှူဒါန်းတာဗျ၊

ကိုယ်ကျိုးအတွက် အသုံးပြုတာ မဟုတ်ဘူး၊ သူဟာ အင်မတန် ဉာဏ်များပြီး သူခိုးအတတ် ပညာ ကြွယ်ဝတဲ့သူပဲ၊ သာမန်သူခိုးတော့ မဟုတ်ဘူး”

ဟု ဆိုလေရာ ကျွန်ုပ်လည်း စိတ်လက်ညစ်ညူးသွားပြီး ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်း မင်းအောင်ကိုသာ စိတ်ထဲမှ တမ်းတနေမိလေ၏ ။ ဆားပုလင်းမင်းအောင်သာရှိလျှင် မည်မျှ ကောင်းမည်နည်း။

ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦး ဂျူဗလီဟောသို့ ရောက်သောအခါ ဂျူဗလီဟောအဝင်ဝ တွင် ငှက်ပျော်ပင်များ စိုက်ထူထားပြီး ရွှေဒင်္ဂါးပန်းများလည်း ချိတ်ဆွဲထားလေ၏ ။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် (အိန္ဒိယပန်းချီပြပွဲ) ဟူသော ဆိုင်းဘုတ်ကြီးတစ်ချပ်ကိုလည်း ချိတ်ဆွဲထား၏ ။

စုံထောက်ကိုတင်လှတို့ လူစုသည် ကြိုတင်၍ ရောက်နှင့်နေကြပြီဖြစ်၏ ။

ကျွန်ုပ်က . . .

" ကိုတင်လှတို့တော့ လူတွင်ကျယ် လုပ်နေပြီဗျို့ "

ဟု ဆိုလိုက်ရာ ဦးပေါ်ဦးက . . .

" ဒီလူတွေက အရှက်ကိုရှိတာ မဟုတ်ဘူး၊ မသိတဲ့သူတွေကတော့ သူတို့ပုံစံကြည့်ပြီး အထင်ကြီးလောက်တယ်၊ ကြည့်စမ်းပါဦး "

ဟုဆိုသဖြင့် ၎င်းတို့ လူစုကို လှမ်းကြည့်လိုက်လေရာ စုံထောက်ကိုတင်လှသည် တစ်စုံတစ် ရာကို ရေးကြီးသုတ်ပျာဟန်ဖြင့် ၎င်း၏ သေတ္တာလေးကို ဖွင့်လှစ်နေ၏။ ဦးပေါ်ဦးက . . .

" သေတ္တာဖွင့်နေတာ ကြည့်ဗျို့၊ မသိရင် သေတ္တာထဲမှာ အလွန်အဖိုးထိုက်တန်တဲ့ ထောက်လှမ်းရေးကိရိယာတွေ ပါမယ် ထင်ရတယ်၊ တကယ်တော့ ဘာမှ ပါတာ မဟုတ်ဘူး၊ ပေကြိုးအစုတ်တစ်ဘူးနဲ့ မှန်ဘီလူးအကွဲတစ်ချောင်းပဲပါတာ "

ဟု ပြောလေရာ ကျွန်ုပ်လည်း ပြုံးလိုက်လေ၏။ စုံထောက်ကိုစိန်မြင့်ကမူ မှတ်စုစာအုပ် တစ်အုပ်ကို ထုတ်၍ လွန်စွာ အရေးကြီးဟန်ဖြင့် ရေးမှတ်နေ၏။ ဦးပေါ်ဦးက

" ဒီလူ ရေးမှတ်နေတာကို ခင်ဗျာ မသိမသာ သွားကြည့်၊ သူ့စာအုပ်ထဲမှာ လကုန်ရင် ဆပ်ရမဲ့ ကြွေးစားရင်းပဲ ရှိတယ် "

ဟု ပြောလေ၏။ စုံထောက်အိုကြီး ဆရာပွကမူ ပြခန်းတာဝန်ခံများကို အာပေါင်အာရင်း သန်သန်ဖြင့် ဘိလပ်တွင် စုံထောက်ပညာ သင်ယူခဲ့ရပုံများကို ကြွားဝါနေလေ၏။ ဦးပေါ်ဦးက . .

" ဘိလပ်ပြန်ကြီးကတော့ ပုလိပ်မင်းကြီးရဲ့ ပြာတာအနေနဲ့ ဘိလပ်ကို ရက်နှစ်ဆယ် လောက် သွားရတာ ကိုပဲ၊ ဘိလိပ်မှာ စုံထောက်ပညာ

သင်ယူခဲ့သလိုလိုနဲ့ ကြွားလုံးထုတ်နေပြီဗျို့၊ ဒီလူကြီးလည်း လူပေါကြီးပဲ”

ဟု ကဲ့ရဲ့လေ၏။

ထိုစဉ် ကျွန်ုပ်တို့ ရှိရာသို့ ပြခန်းတာဝန်ခံများ ရောက်ရှိလာပြီး တာဝန်ရှိသူတစ်ဦးက ပန်းချီကား ပျောက်ဆုံးသွားခြင်းအကြောင်းကို ရှင်းလင်းပြလေ၏။

“ ပျောက်ဆုံးသွားတဲ့ ပန်းချီကားက ဆရာကြီးဒဗလျူ့အက်စ်ရာဘီရဲ့ ပန်းချီကားပါ၊ လွန်ခဲ့တဲ့ နှစ် လန်ဒန်မှာ ပြသခဲ့တုန်းက ပေါင်တစ်ထောင်နဲ့ တန်ဖိုးဖြတ်ထားတဲ့ ပန်းချီကားပါ၊ အလွန်အဖိုးထိုက်တန်ပါတယ်၊ ပန်းချီကားရဲ့ အလျားနဲ့ အနံက ခုနစ်ပေ လေးလက်မ ရှိပါတယ်၊ ဒီလောက်ကြီးမားတဲ့ ပန်းချီကားကြီးကို ဘယ်ယူခိုးသွားသလဲဆိုတာ ကျွန်တော်တို့ မယုံနိုင်အောင် ဖြစ်ရပါတယ်၊ ပန်းချီကားပြထားတဲ့ အခန်းကို ကျွန်တော်နဲ့ လိုက်ကြည့်ပါ”

ဟု ဆိုသဖြင့် ၎င်းနှင့် လိုက်ခဲ့ကြည့်ရှုရလေ၏။ ပန်းချီကားရှိသော အခန်းကို အခန်းတစ်ခု သီးသန့် ကာရံထားလေ၏။ အခန်းဝတွင် စားပွဲနှင့် ကုလားထိုင်များကို တွေ့ရပြီး တာဝန်ရှိသူ လူကြီးက . . . .

“ ဒီနေရာမှာ လုံခြုံရေးအစောင့်တွေ ချထားပါတယ်၊ ဝင်ပေါက်ထွက်ပေါက်ကလည်း ဒီတစ်ပေါက်ပဲ ရှိတယ်ဆိုတော့ ကျွန်တော်တို့ စဉ်းစားမရအောင် ဖြစ်နေမိတယ်”

ဟု ပြောလေ၏။

ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် အခန်းတစ်ဆောင်လုံးအား ဝေ့ဝဲကြည့်ရှုလေရာ ကြီးမားသော ပြတင်းပေါက်ကြီးများရှိပြီး ခိုင်ခံ့သော သံတိုင်များ စိုက်ထူထားသည်ကို တွေ့ရ၏။ ဗာရာဏသီမိုး မှောင် အနေဖြင့် ပန်းချီကားကြီးအား ပြတင်းပေါက်များမှ ယူဆောင်သွားရန် မဖြစ်နိုင်ပေ။

ပြတင်းပေါက်များရှေ့တွင် နေရောင်ကို ကာကွယ်ရန် ကြီးမားသော ဝါးယင်းလိပ်ကြီးများ ရှိ၏။ ဦးပေါ်ဦးက အခန်းအခြေအနေကို ကြည့်ရှုပြီး . . .

“ ညဘက်မှာများ ဖောက်ထွင်းပြီး ခိုးယူသွားမလား မသိဘူး”

ဟု မှတ်ချက်ချလေရာ တာဝန်ရှိသူက ပြုံးရယ်၍ . . . .

“ ညဘက်မှာ ခိုးခံရတာ လုံးဝမဖြစ်နိုင်ပါဘူးခင်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ပန်းချီကားကြီး ဟာ မျက်စိအောင်မှာတင် ပျောက်ဆုံးသွားလို့ပါ”

ဟု ပြောလေ၏။ ဦးပေါ်ဦးက . . .

“ ဘာ . . . မျက်စိအောင်မှာတင် ပျောက်ဆုံးသွားတာ ဟုတ်စ”

ဟု တအံ့တဩ ပြန်မေးလေရာ တာဝန်ရှိသူက . . . .

“ ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ အလွန် အံ့ဩနေရပါတယ်၊ ဖြစ်ပုံက ဒီလိုပါ၊ ကျွန်တော်နဲ့ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဦးဘရင်ဟာ ညနေ ၃ နာရီခန့်က ပန်းချီကားကြီးကို ကြည့် ပြီး ဝေဖန်ဆွေးနွေးနေပါတယ်

ခဏကြတော့ ဦးဘရင်ဟာ ကော်ဖီသောက်ချင်တယ် ဆိုလို့ အခန်းအပြင်ဘက် ဓာတ်ဘူး ထဲက ကော်ဖီကို ငှဲ့ထည့်ပါတယ်၊

အပြင်ထွက်တဲ့ အချိန်က အများဆုံး ကြာလှရင် တစ်မိနစ်၊ တစ်မိခန့်ခွဲလောက်ပါပဲ၊ ကျွန်တော်တို့ အခန်းထဲ ပြန်ရောက်လို့ ပန်းချီကားကြီးကို ကြည့်လိုက်တော့ အရုပ်ကားကို မတွေ့ ရဘဲ ဘောင်ကြီးကိုသာ တွေ့ရပါတယ်၊

ပန်းချီကားကြီးရဲ့ အနားသားကနေ ပေါင်ပတ်ပတ်လည် ဖြတ်ယူသွားတာဗျ၊ ပန်းချီကား နံရံမှာ ဗာရာဏသီမိုးမှောင်ရဲ့ အမှတ်အသားဖြစ်တဲ့ ကြောင်နက်ရုပ်လေးကို ကော်နဲ့ကပ်ထားတာ တွေ့ရပါတယ်၊ ဟိုမှာပါ ခင်ဗျာ”

တာဝန်ရှိသူက အခန်းအလယ်ရှိ ပန်းချီကားပေါင်ကြီးကို ပြလေ၏။

ပန်းချီကား၏ နေရာတွင် ပေါင်ကြီးကိုသာ တွေ့ရပြီး နံရံတွင် ကြောင်နက်ရုပ်ကိုလည်း မြင်တွေ့ရ၏။ ဦးပေါ်ဦးက ခေါင်းတဆက်ဆက်ညိတ်၍ . . .

“ ဗာရာဏသီမိုးမှောင်ရဲ့ လက်ချက်ဆိုတာတော့ သေချာပြီဗျို့၊ ပန်းချီကားကြီးကို ဓား ထက်ထက်နဲ့ ဖြတ်ယူပြီး ပြတင်းပေါက်ကနေ တစ်ယောက်ယောက်ကို လှမ်းပေး လိုက်ရင်ရောဗျာ”

ဟု ဆိုလိုက်ရာ တာဝန်ရှိသူက . . .

“ မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ပြတင်းပေါက်တွေက အသေပိတ်ထားပါတယ်၊ သံတိုင်တွေအပြင် သံဆန်ခါတစ်ထပ်လည်း ကာရံထားပါသေးတယ်၊ ပြတင်းပေါက်ကထုတ်လို့ လုံးဝမဖြစ်နိုင်ပါဘူး၊ ဗာရာဏသီမိုးမှောင်ဟာ ပန်းချီကားကို အစောင့်တွေရှေ့က တစ်နည်းနည်းနဲ့ ထုတ်ယူသွားတာ သေချာပါတယ်”

ဟု ဆိုလေ၏။ ကျွန်ုပ်က . . . .

“ သူ့ကိုယ်ပေါ်မှာ ပတ်ပြီး ယူသွားရင်ရောဗျာ”

ဟု ဆိုလိုက်လေရာ တာဝန်ရှိသူက . . . .

“ ဒါလည်း မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ဒီအရွယ်အစားလောက်ရှိတဲ့ ရွက်ဖျင်းစကြီးကို ဖြတ်ပြီး၊ ကျွန်တော့်ကိုယ်ပေါ်မှာ ပတ်ကြည့်တယ်၊ ဖောင်းမောင်းပွပွကြီး ဖြစ်နေတယ်၊ ဒီလောက် ဖောင်းပွ နေတာကို လုံခြုံရေး အစောင့်တွေ သတိမထားမိဘဲ နေမှာမဟုတ်ဘူး”

ဟု ဖြေလေရာ ကျွန်ုပ်လည်း အကြံရခက်သွားလေ၏။ ဦးပေါ်ဦးက . . .

“ ခင်ဗျားတို့ ပန်းချီကားကို ဝေဖန်နေတုန်းက အခန်းထဲမှာ လူဘယ်နှယောက်ရှိသလဲ”

ဟု မေးမြန်းလေရာ တာဝန်ရှိသူက . . .

“ နေ့လည်ခင်းဆိုတော့ လူရှင်းတယ်ခင်ဗျာ၊ လူသုံးယောက်ပဲ ရှိတယ်”

ဟု ဖြေလေ၏။ ကျွန်ုပ်က . . .

“ ဒါဆိုရင် ဒီသုံးယောက်ထဲက တစ်ယောက်ထဲက တစ်ယောက်ဟာ ဗာရာဏသီမိုးမှောင် ပဲ”

မှတ်ချက်ချလေ၏။ ဦးပေါ်ဦးက . . .

“ သုံးယောက်စလုံး သူ့လူတွေ ဖြစ်ရင်းဖြစ်မှာဗျာ”

ဟု ဆိုပြန်၏။

နောက်ဆုံးတွင်မူ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် အကြံရခက်သည်နှင့် ပန်းချီကားပေါင်းကြီး ရှေ့ တွင် ရပ်၍ ဖင်ကုတ်ခေါင်းကုတ်လုပ်ကာ အခန်းအပြင်သို့ ထွက်ရန် ကြံစည်လေ၏။ ထိုစဉ် ကျွန်ုပ်က ပန်းချီကားရှေ့တွင် ကျနေသော ပင်အပ်တစ်ချောင်းကို တွေ့၍ ကောက်ယူလိုက်ပြီး

“ သဲလွန်စရပြီဗျို့”

ဟု နောက်ရွှတ်ရွှတ် ပြောလိုက်လေရာ ဦးပေါ်ဦးက . . . .

“ သဲလွန်စ လုပ်မနေနဲ့ လူတွေစူးရင် ဒုက္ခရောက်ကုန်မယ်၊ အမှိုက်တောင်းထဲ ထည့်လိုက်”

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ပင်အပ်ကလေးကို အမှိုက်တောင်းထဲသို့ ပစ်ထည့်လိုက်လေ၏။ အပြန်လမ်းတွင် ကားကို ကိုယ်တိုင်မောင်းနှင်ရင်း ကျွန်ုပ်က . . .

“ ပန်းချီကားကြီးက ပေါင်တစ်ထောင်တန်တယ်ဆိုတော့ အဖိုးတန်တာကတော့ မှန်ပါတယ်ဗျာ၊ ဒါပေမယ့် ဗာရာဏသီမိုးမှောင် အနေနဲ့

ဒီပန်းချီကားကို ရောင်းလို့မလွယ်ပါဘူးဗျာ၊ ဘာကြောင့် ခိုးသလဲ မသိဘူး”

ဟု မှတ်ချက်ချလေ၏။ ဦးပေါ်ဦးက . . .

“ ဘာကြောင့် ခိုးတယ်ဆိုတာ ကျုပ်တို့ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် ရှိရင် တန်းသိ ရတာ ပေါ့ဗျာ၊ ဒီအချိန်မှာ ကိုမင်းအောင်ရှိရင် ပွဲကြီးပွဲကောင်းပဲ၊ ဉာဏ်သမားနှစ်ယောက် ဉာဏ်ကစားမဲ့ ပွဲပဲဗျ”

ဟု ဆိုလေရာ ကျွန်ုပ်လည်း လှိုက်လှိုက်လှဲလှဲ ထောက်ခံမိလေ၏။ ဆားပုလင်းမင်းအောင် ကဲ့သို့ လက်ရုံးရည် နှလုံးရည် ပြည့်ဝသော ပါရမီရှင် စုံထောက်တစ်ဦးသည် နှစ်တစ်ရာလျှင် တစ်ယောက် ပေါ်ထွက်ရန် မလွယ်ကူချေ။

နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ သတင်းစာကြီးများတွင် စာလုံးမည်းကြီးများ ဖြင့် ဂျူဗလီခန်းမရှိ ပေါင်တစ်ထောင်တန် ပန်းချီကားကြီး ပျောက်ဆုံးသွားကြောင်း စိတ်ဝင်စားဖွယ် ရေးသားထားသည်ကို တွေ့ရ၏။

တစ်ပတ်ခန့် အကြာတွင် အိန္ဒိယပန်းချီပညာရှင်အဖွဲ့နှင့် မြန်မာတာဝန်ခံများ ပူးပေါင်းကာ ပန်းချီကားကြီးကို ပြန်လည်ရယူနိုင်သူအား ဆုတော်ငွေ ၃၀၀၀ိ/ တိတိ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းစာများတွင် ကြော်ငြာလေ၏။ သတင်းစာများတွင် ကြော်ငြာပါပြီး နောက်တစ်နေ့တွင် ဦးပေါ်ဦးသည် ကျွန်ုပ်၏ အိမ်သို့ ပေါက်ချလာပြီး . . . .

“ ဗာရာဏသီမိုးမှောင် ပန်းချီကားကို ဘာကြောင့် ခိုးတယ်ဆိုတာ သိပြီဗျို့”

ဟု ပြောလေရာ ကျွန်ုပ်က . . .

“ ဘာလို့ ခိုးတာလဲဗျ၊ ရှင်းစမ်းပါဦး”

ဟု မေးမြန်းလေ၏။ ဦးပေါ်ဦးက . . . .

“ ဒီမှာလေဗျာ”

ဟု ကြေးနန်းတစ်စောင်ကို ထုတ်ပြလေ၏ ။ ကြေးနန်းစာမှာ . . .

“ ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားတစ်ဆူသို့ ငွေသုံးထောင် လှူဒါန်းလျှင် ပန်းချီကားကြီး ပြန်ပို့ပေးမည်”

(ဗာရာဏသီမိုးမှောင်)

ဟူ၍ ဖြစ်၏ ။ ကျွန်ုပ်က . . . .

“ တော်တော်လျင်တဲ့ ဗာရာဏသီမိုးမှောင်ပဲ၊ ကျုပ်က ဆုငွေကို ထုတ်ယူနိုင်တယ်လို့တော့ စဉ်းစားမိတယ်၊ ဆုငွေလာထုတ်မှ ဗာရာဏသီမိုးမှောင်ကို ဖမ်းမယ်လို့ ကြံစည်ထားတာဗျ၊ ဒါနဲ့ အိန္ဒိယပန်းချီဆရာအဖွဲ့က ဘာပြောသလဲ”

ဟု မေးမြန်းလေရာ ဦးပေါ်ဦးက . . .

“ ဆုငွေသုံးထောင်ကို ဘုရားလှူဒါန်းဖို့ သဘောတူညီတယ်ဗျ၊ ပန်းချီကားကြီးရဲ့ တန်ဖိုးက ပေါင်တစ်ထောင်လောက် တန်တယ်ဆိုတော့ ဘယ်သူမှ မစွန့်စားရဲဘူး၊ ရွှေတိဂုံဘုရား၊ ဂေါပက အဖွဲ့ကို ငွေသုံးထောင်လှူဖို့ အကြောင်းကြားထားပြီးပြီ၊ မနက်ဖြန်ထုတ်တဲ့ သတင်းစာတွေမှာလည်း ဒီသတင်းပါမယ်”

ဟု ပြောလေရာ ကျွန်ုပ်က . . .

“ ကျွန်တော် စိတ်ဝင်စားတာက ဗာရာဏသီမိုးမှောင်ဟာ ပန်းချီကားကြီးကို ဘယ်နည်းနဲ့ ပြန်ပို့ပေးမလဲ ဆိုတာပဲ”

ဟု ပြောလေ၏ ။

ဦးပေါ်ဦးက ခေါင်းညိတ်၍

“ ဒါတော့ စောင့်ကြည့်ရတာ ပေါ့ဗျာ”

ဟု ပြောလေ၏ ။

နောက်တစ်နေ့ညနေ သုံးနာရီခန့်တွင် အင်းစိတ် စီအိုင်ဒီသို့ စာတစ်စောင် ရောက်လာ၏။ ထိုစာကို ဖတ်ရှုပြီးလျှင် စုံထောက်မင်းကြီးသည် ဆွေ့ဆွေ့ခုန်၍ နေလေ၏။

" အင်းစိန် စီအိုင်ဒီမှ ခပ်ညံ့ညံ့ စုံထောက်များသို့"

ယနေ့ည ၈ နာရီတွင် ပန်းချီကားကြီးကို ဂျူဗလီခန်းမသို့ အရောက် ပြန်ပို့ပါမည်၊ သင်တို့ ပြခန်းထဲတွင် အဆင်သင့် စောင့်နေကြပါ၊ သည်တစ်ကြိမ်တွင် ကျွန်ုပ်ကို မိအောင်ဖမ်းပါ၊ လက်မလွှတ်ပါစေနှင့်၊ သင်တို့ကို စိန်ခေါ်လိုက်သည်။

(ဗာရာဏသီမိုးမှောင်)

စုံထောက်မင်းကြီးသည် ကျွန်ုပ်တို့ စုံထောက်များအား ရုံးအတွင်းသို့ ခေါ်ယူ၍ . . .

" လူကလေးတို့ သိပ်ညံ့တယ်၊ ဗာရာဏသီမိုးမှောင် ဆိုတဲ့ သူက စီအိုင်ဒီကို စိန်ခေါ်နေပြီ၊ ဒီနေ့ည ၈ နာရီမှာ ပန်းချီကားကြီးကို ပြန်ပို့ပေးမယ်လို့ ပြောတယ်၊ သူ့မှာ အတောင်ပံတွေ ရှိရင်တောင် ပြခန်းထဲကို မဝင်နိုင်ဘူး . . . .

ဗာရာဏသီမိုးမှောင်ဟာ မှော်ဆရာ ဖြစ်နေပြီထင်တယ်၊ ဘာပဲဖြစ်ဖြစ် လူကလေးတို့ အားလုံး ဒီနေ့ည ၈ နာရီမှာ ဂျူဗလီဟောကို သွားစောင့်နေကြပါ၊ ဂျူဗလီဟော ပတ်ဝန်းကျင်မှာ အစောင့်ချထားဖို့ ပုလိပ်မင်းကြီးကို အကူအညီ တောင်းထားတယ်၊ ပြီးတော့ လူကလေးတို့ ပါးစပ်တွေ ပိတ်ထားကြပါ၊ ဒီအကြောင်းကို သတင်းစာသမားတွေ မသိပါစေနဲ့၊ သူတို့သိရင် ကျွန်ုပ်တို့ အရှက်ကွဲလိမ့်မယ်"

ဟု မှာကြားလေ၏။ ထိုအခါ ကျွန်ုပ်တို့သည် ဂျူဗလီဟောသို့ သွားရောက်ပြီး ဗာရာဏသီမိုးမှောင်ကို ဖမ်းဆီးရန် ပြင်ဆင်လေ၏။ စုံထောက်ကိုစိန်မြင့်တို့ လူစုသည် လွန်စွာ စိတ်ဓာတ် တက်ကြွနေ၏။

ကိုတင်လှက . . .

" ကျုပ်တို့ ပြခန်းပေါက်ဝက စောင့်မယ်ဗျာ၊ ဒီလောက်ပိုင်တာ ဘာရှိဦးမလဲ"

ဟု ကြွေးကြော်လေ၏။

ကိုစိန်မြင့်က . . .

" ကျုပ်က ပန်းချီကားကြီးနဲ့ အနီးဆုံး ပြတင်းပေါက်က စောင့်မယ်ဗျာ၊ ဗာရာဏသီမိုးမှောင် ဝင်လာလို့ကတော့ ခြောက်လုံးပြူးနဲ့ အသေပစ်ဖမ်းလိုက်မယ်"

ဟု ဆိုပြန်၏။ ဘိလပ်ပြန်ဆရာပွက . . .

" ကျုပ်ကတော့ ပန်းချီကားကြီး ချိတ်ထားတဲ့ ပေါင်ကြီးရှေ့မှာ ထိုင်စောင့်မယ်ဗျာ၊ ဒီထက် ပိုင်တာ ဘာရှိဦးမလဲ၊ ဗာရာဏသီမိုးမှောင် လာလို့ကတော့ ပြေးပေါက်မှားသွားမယ်၊ ဟိ ဟိ ရာထူးတက်မှာ မြင်ယောင်မိသေးတယ်ဗျာ "

ဟု ဆို၏။ ကျွန်ုပ်က ၎င်းတို့လူစုကို ကြည့်၍ . . .

" ဟိုလူတွေတော့ အတော်တက်ကြွနေပြီဗျို့၊ ဗာဏသီမိုးမှောင် ကိုယ်တိုင် လာမယ် ထင်သလား"

ဟု ဦးပေါ်ဦးကို မေးမြန်းလေရာ ၎င်းက . . .

" ထင်တယ်ဗျို့၊ ဗာရာဏသီမိုးမှောင်ဟာ စကားတည်တယ်၊ ပြောတဲ့စကားကို ဘယ်တော့မှ မဖျက်တက်ဘူး၊ သူဟာ ပန်းချီကားကို ည ၈ နာရီမှာ မဖြစ်ဖြစ်အောင် ပြန်ပို့ပေး လိမ့်မယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က . . .

" စာတိုက်ကနေ ပါဆယ်လုပ်ပြီး ပို့ရင်လည်း ရတာ ပါပဲဗျာ"

“ ရန်ကုန်ပုလိပ်မင်းကြီး ကိုယ်တိုင် ကြေးနန်းရုံးတွေမှာ မသက်ကာစရာတွေ့ရင် သတင်းပို့ ဖို့ အကြောင်းကြားထားတယ်ဗျ”

ဟု ပြောလေ၏။ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ညနေခြောက်နာရီခန့်ကပင် ဂျူဗလီဟောသို့ ရောက်နေလေ၏။ ဂျူဗလီဟောပတ်ဝန်းကျင်တွင် ကင်းပုန်းများချထားသောပုလိပ် အဖွဲ့သားများကို အမြောက်အမြား တွေ့ရလေ၏။ ကျွန်ုပ်က . . .

“ ပုလိပ်တွေ အနည်းပါလားဗျာ၊ ဒီပုံအတိုင်းဆို ဗာရာဏသီ မိုးမှောင် ပန်းချီကားကြီးကို ပြခန်းထဲရောက်အောင် ဘယ်လိုနည်းနဲ့မှ ပြန်ပို့နိုင်မယ် မထင်ဘူး”

ဟု မှတ်ချက်ချလေ၏။ ဦးပေါ်ဦးက . . .

“ အေးဗျာ ၊ ဗာရာဏသီမိုးမှောင်ကလည်း ပြောတဲ့အတိုင်း ဖြစ်အောင် လုပ်တက်တယ်လို့ ကြားဖူးတယ်၊ တစ်ခါတုန်းက ရွှေဘိုဘက်မှာ အမြတ်ကြီးစား သူကြွယ်တစ်ယောက်ရဲ့ နေအိမ်ကို အဲဒီ ညမှာ ရအောင် ခိုးမယ်လို့ ပုလိပ်အဖွဲ့ကို ကြေညာပြီး မရ ရအောင် ခိုးယူသွားတယ်ဗျ”

ဟု ပြောလေ၏။

ဂျူဗလီဟောခန်းမဆောင်ကြီး တစ်ခုလုံး မီးများလင်းထိန်နေအောင် ထွန်းအား၏။ အင်္ဂလိပ် စစ်တပ်မှ မီးမောင်းကြီးတစ်ခုကိုပင် ငှားရမ်းထား၏။ အိန္ဒိယပန်းချီပြပွဲ ကျင်းပရေးအဖွဲ့ဝင်များကို လည်း စုံစုံညီညီ တွေ့ရ၏။

ပန်းချီကား ပျောက်ဆုံးသွားသော ခန်းမကြီးထဲတွင် စုံထောက်ကိုစိန်မြင့်တို့ လူစုအား လွန်စွာ ရေးကြီးသုတ်ပြာဟန်ဖြင့် တွေ့ရလေ၏။ စုံထောက်ကိုတင်လှသည် ခန်းမ၏ အဝင်ပေါက်ကို ခြောက်လုံးပြူးဖြင့် အကျအန ချိတ်တွယ်ထား၏။ စုံထောက်ကိုတင်လှမှာလည်း ပျောက်ဆုံးသွား သော ပန်းချီကားကြီး၏ အနီးဆုံးပြတင်းပေါက်ကို သေနတ်ဖြင့် ချိတ်တွယ်နေ၏။

ဘိလပ်ပြန် ဆရာပွ ဆိုသော စုံထောက်ကြီးကမူ ပန်းချီကားကြီး၏ ပေါင်ရှေ့တွင် အသင့် အနေအထားဖြင့် ရှိနေလေ၏။ ၎င်းတို့လူစု၏ ပွဲသဏ္ဌာန်မှာ လွန်စွာရယ်ဖွယ်ကောင်းလှတော့၏။ ကိုစိန်မြင့်တို့သည် ကျွန်ုပ်နှင့် ဦးပေါ်ဦးအား ၎င်းတို့အဖွဲ့၏ အနီးတွင် နေစေချင်ပုံမရပေ။ ကျွန်ုပ်တို့ အား နေရာလုမည်အထင်ဖြင့် ရှုတင်တင်ကြည့်နေကြ၏။ ၎င်းတို့လူစုအား အမြင်ကတ်ဟန်ရှိသော ဦးပေါ်ဦးက . . .

“ သေနတ်ကြီးတွေ ချိန်မထားပါနဲ့ဗျာ၊ မတော်တဆ ကျည်ထွက်သွားပါဦးမယ် ၊ ဟဲ ဟဲ ဗာရာဏသီမိုးမှောင် ရောက်လာရင်တော့ ခင်ဗျားတို့ သေနတ်တွေ ကျည်ထွက်ဖို့တော့ လိုတယ်နော် ”

ဟု နောက်ပြောင်လိုက်ရာ စုံထောက် ကိုစိန်မြင့်က

“ ဒါက ခင်ဗျားတို့နဲ့ မဆိုင်ပါဘူးဗျာ၊ ဒီအခန်းထဲမှာ ကျုပ်တို့ ရှိနေပြီ၊ ခင်ဗျားတို့ အခန်းပြင် က စောင့်ပေတော့”

ဟု ကျွန်ုပ်တို့အား မောင်းနှင်ထုတ်လေ၏။ ဦးပေါ်ဦးက တဟားဟား ရယ်မော၍

“ ဟိုလူတွေတော့ ကျုပ်ခြောက်လိုက်တာ အတော်လန့်သွားကြပြီဗျို့၊ ဘိလပ်ပြန်ကြီးဆို ရင် ပန်းချီကားရှေ့မှာ မနေရဲတော့ဘူး၊ နောက်ဆုတ် နောက်ဆုတ်နဲ့ အခန်းထောင့် ရောက်သွားပြီ”

ဟု ဆိုလိုက်ရာ ကျွန်ုပ်ကလည်း

“ ကိုစိန်မြင့်လည်း အဝင်ပေါက်နားမှာ မရှိတော့ဘူးဗျို့၊ ထိုင်ခုံတွေနောက် ရောက်သွားပြီ၊ ကိုတင်လှလည်း ဒီအတိုင်းပဲဗျ”

ဟု ပြောဆိုကာ တဝါးဝါး တဟားဟား ရယ်မောနေလေ၏။ ထိုအချိန်တွင် ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီး၏ ကားသည် ရှေ့ဆင့်

နောက်ဆင့် ရောက်လာလေ၏။ ပုလိပ်နှင့်စုံထောက်များ သည် အလုအယက် ကြိုဆိုကြကုန်၏။

ငင်းတို့ ရောက်ရှိပြီး များမကြာမီ သူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း စသော သတင်းစာ များမှ သတင်းထောက်များလည်း ရောက်ရှိလာကြ၏။ ကျွန်ုပ်က . . .

“ သတင်းထောက်တွေ ရောက်လာပြီဗျို့၊ ဒီလူတွေ ဘယ်လို သတင်းရသွားလဲ မသိဘူး”

ဟု ဆိုလိုက်ရာ ဦးပေါ်ဦးက . . .

“ မရဘဲ နေပ့ါမလားဗျာ၊ ဂျူဗလီဟောတစ်ဆောင်လုံး မီးတွေ လင်းထိန်နေပြီ၊ ပုလိပ်တွေ ၊ စုံထောက်တွေ စုံစုံလင်လင်နဲ့ မသိရင် အလှူကြီးတစ်ခု ပေးနေတယ် ထင်ရတယ်၊ ကြည့်လိုက်စမ်း ပါဦး ကိုအောင်ထွန်းရယ်၊ ဂျူဗလီဟောကြီးဟာ မီးရောင်စုံတွေနဲ့ ပန်းမရနေဘူးလား”

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ဂျူဗလီဟောကြီးကို ကြည့်လိုက်ရာ ဦးပေါ်ဦး ပြောသည့် အတိုင်း လှပခံ့ညားနေသည်ကို တွေ့ရ၏။

ည ရှစ်နာရီထိုးကာနီးသောအခါ ကျွန်ုပ်တို့ စုံထောက်ကျော်များ၊ တလှုပ်လှုပ် တရွရွ ဖြစ်နေလေ၏။ ရန်ကုန် ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီးသည် ဂျူဗလီဟောခန်းမရှေ့တွင် ဆိုဖာကြီးများနှင့် ဖင်တကြွကြွ ရှိနေလေ၏။

ပျောက်ဆုံးသွားသော ပန်းချီကားကြီးရှိရာ အခန်းကျယ်ကြီးအတွင်းတွင်ကား စုံထောက် ကိုစိန်မြင့်တို့ လူစုသည် သေနတ်များကို မောင်းတင်၍ နေပေပြီ။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ဂျူဗလီဟောကြီးအတွင်း

ဟိုဒီသွားလာ၍ နေရာမယူ ရသေးဘဲ ရှိနေ၏။

နောက်ဆုံးတွင်မူ ကျွန်ုပ်တို့နှစ်ယောက်သည် ဂျူဗလီဟောကြီး၏ မင်မတံခါးပေါက် အနီး၌ သာ ထိုင်၍ ဗာရာဏသီမိုးမှောင်ကို စောင့်မျှော်နေလေ၏။ ဤသို့ဖြင့် ည ရှစ်နာရီထိုးရန် တစ်မိနစ်မျှ သာလိုသော အချိန်တွင် ဂျူဗလီဟောကြီးအတွင်းသို့ အသက်တစ်ဆယ်နှစ်ခန့်အရွယ် ကလေးငယ် တစ်ဦးသည် ဖြည်းညင်းစွာ ဝင်ရောက်လာလေ၏။

ကလေးငယ် လမ်းလျှောက်လာရာ လမ်းတစ်လျှောက်အား မီးမောင်းကြီးများ ထွန်းထား သဖြင့် ကလေးငယ်အား ကျွန်ုပ်တို့ အားလုံး ကောင်းစွာမြင်တွေ့နိုင်ပေသည်။ ကလေးငယ်သည် အေးဆေးသက်သာစွာ လျှောက်လှမ်းလာပြီး မျက်နှာဖြူမင်းကြီး နှစ်ဦးရှေ့တွင် ရပ်လိုက်၏။

မင်းကြီးနှစ်ယောက်သည် ကလေးငယ်အား ကြောင်ငမ်းငမ်းကြည့်နေစဉ် ကလေးငယ်က လက်ထဲရှိ စာအိတ်ကလေးကို စုံထောက်မင်းကြီးအား လှမ်းပေးလိုက်၏။ စုံထောက်မင်းကြီးသည် စာအိတ်ကို ကပျာကရာ ဖွင့်ကြည့်လိုက်ပြီး မြန်မာဘာသာဖြင့် ရေးသားထား၍ နားမလည်ဟန်ဖြင့် အနီးတွင်ရှိသော ဦးပေါ်ဦးအား လှမ်းပေးလိုက်လေ၏။

ဦးပေါ်ဦးသည် စာကိုဖတ်၍ လွန်စွာအံ့ဩသွားဟန်ဖြင့် “ ဟာခနဲ ” အော်ဟစ်လိုက်ပြီး သူ့ နဖူးကိုသူ လက်ဝါးဖြင့် ရိုက်လိုက်၏။

စုံထောက်မင်းကြီးက . . .

“ စာထဲမှာ ဘာရေးထားသလဲ လူကလေး”

ဟု မေးမြန်းလေ၏။ ဦးပေါ်ဦးက . . .

“ ဗာရာဏသီမိုးမှောင်ဟာ ပန်းချီကားကြီးကို ပြခန်းထဲ ပြန်ပို့လိုက်ပါပြီ”

ဟု ဖြေလေရာ စုံထောက်မင်းကြီး မျက်လုံးပြူး၍ . . .

“ အိုဂေါ့ . . . ဒီလောက် အစောင့်အကြပ်တွေ အများကြီး ချထားတာ ဗာရာဏသီမိုးမှောင် ဘယ်လိုလုပ်လာမလဲ၊ မဖြစ်နိုင်ဘူး၊ ကျွန်ုပ် မယုံဘူး”

ဟု တအံ့တသြ ပြောလေ၏။ ကျွန်ုပ်လည်း စုံထောက်မင်းကြီး၏ စကားမှာ ဖြစ်နိုင် သယောင် ရှိသည်ထင်မိ၏။ ဦးပေါ်ဦးက . . .

“ အမှန်တကယ်ကို ပြန်ပို့ပြီးပါပြီ ခင်ဗျာ၊ ကျွန်တော်မျိုး နောက်ကို လိုက်ခဲ့ပါ”

ဟု ဆိုကာ ရှေ့မှ ဦးဆောင်၍ ပေါင်တစ်ထောင်တန် ပန်းချီကားကြီးရှိရာ အခန်းသို့ ခေါ်ဆောင်သွားလေ၏။

ဦးပေါ်ဦး၏ နောက်တွင် စုံထောက်မင်းကြီးနှင့် ပုလိပ်မင်းကြီး အပါအဝင် အိန္ဒိယ ပန်းချီပြခန်း တာဝန်ခံများလည်း တသီတတန်းကြီး လိုက်ကြလေ၏။

သီးသန့်ပြခန်းထဲသို့ ရောက်သောအခါ ဟာလာဟင်းလင်း ဖြစ်နေသော နံရံတွင် ပန်းချီကား ပေါင်ကြီးနှင့် ဗာရာဏသီမိုးမှောင် အမှတ်အသားဖြစ်သော ကြောက်နက်ရုပ်ကလေးသာ တွေ့ရလေ၏။ စုံထောက်မင်းကြီးက လက်ညှိုးထိုး၍ . . .

“ ဘယ်မှာလဲ ပန်းချီကား”

ဟု မေးလိုက်ရာ . . .

“ ကျွန်တော်မျိုး ပြပ့ါမယ်”

ဟု ဆိုလိုက်ပြီး အခန်းစွန်းရှိ ပြတင်းပေါက်တစ်ပေါက်ဆီသို့ လျှောက်သွားပြီး နေရောင်ကာ ယင်းလိပ်ကို အောက်သို့ ဆွဲချလိုက်လေ၏။ ယင်းလိပ်သည် တဖြည်းဖြည်း ကျလာ၏။

ယင်းလိပ်ထဲတွင် သေသပ်စွာ လိပ်ထားသည့်ပေါင်တစ်ထောင်တန်

ပန်းချီကားကြီးကို အပ်ကလေးတစ်ချောင်းနှင့် တွယ်လျက်သား တွေ့ရသဖြင့် ပရိသတ်အပေါင်းသည် “ ဟာခနဲ ” “ ဟင်ခနဲ ” ဖြစ်သွားလေ၏။ ဦးပေါ်ဦးက . . .

“ ဗာရာဏသီမိုးမှောင်ဟာ ပန်းချီကားကို လှီးထုတ်ပြီး အခန်းထောင့်ကို ယူသွားတယ်၊ အခန်းထောင့်ရောက်တော့ ယင်းလိပ်ကို ဖြေချလိုက်တယ်၊ ပြီးတော့ ယင်းလိပ်မှာ ပန်းချီကားကို တွယ်အပ်နဲ့ချိတ်ပြီး ယင်းလိပ်ကို ပြန်တင်လိုက်တာပါပဲ၊ ဒါကြောင့် ပန်းချီကားကြီးဟာ အခိုးခံရတဲ့ နေ့ကစပြီး ဒီနေ့အထိ ဒီပြခန်းထဲမှာပဲ ရှိနေပါတယ်၊ ယင်းလိပ်ကို ဆွဲချလိမ့်မယ်လို့ ဘယ်သူ ထင်မလဲ”

ဟု ရှင်းလင်းပြလိုက်လေရာ ထိုင်ခုံများအောက်တွင် ပုန်းအောင်း၍ ဗာရာဏသီမိုးမှောင်ကို ဖမ်းဆီးရန် ကြံစည်နေကြသော ကိုစိန်မြင့်တို့ လူစုသည် အောင့်သီးအောင့်သက်ဖြင့်ထွက်လာကြ လေ၏။ ၎င်းတို့ လူစု၏ နေရာမကျပုံကို ကြည့်၍ ကြည့်ရှုနေသူ အပေါင်းသည် တဝါးဝါး တဟားဟား ရယ်မောကြကုန်၏။ ဂျူဗလီဟောတစ်ခုလုံးလည်း ဆူညံပွက်သွားလေတော့၏။

ဂျူဗလီဟောမှ အပြန်တွင် ဦးပေါ်ဦးက . . .

“ ပန်းချီကားပေါင်ရှေ့မှာပင်အပ်တစ်ချောင်းကို တွေ့လိုက်ကတည်းက ကျုပ်တို့ သိဖို့ ကောင်းတယ်”

ဟု ဆိုလိုက်လေ၏။ ကျွန်ုပ်က . . .

“ ကျုပ်က သဲလွန်စရပြီလို့တောင် ပြောခဲ့တာပဲ၊ ခင်ဗျားက သဲလွန်စ လုပ်မနေနဲ့၊ လူတွေ စူးရင် ဒုက္ခရောက်ကုန်မယ် ၊ အမှိုက်တောင်းထဲ ထည့်လိုက်ဆို”

ဟု ပြောလေရာ ဦးပေါ်ဦးက တဟားဟား ရယ်မော၍ . . .

“ ကျုပ်တို့ကိုက ညံ့ပါတယ်ဗျာ၊ ဒီနေရာမှာ ကျုပ်တို့ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် ဆိုရင် ပန်းချီကားကြီးကို တန်းတွေ့မှာဗျ”

ဟု ဆိုလေ၏။ ကျွန်ုပ်က . . .

“ ဆားပုလင်းမင်းအောင်နဲ့တော့ မယှဉ်နဲ့လေ၊ ဒီလူက စုံထောက်လုပ်ဖို့ သက်သက် မွေးဖွားလာတဲ့သူ၊ ကျုပ်တို့နဲ့ တူမလားဗျ၊ ကျုပ်တစ်သက်မှာ ဆားပုလင်းမင်းအောင်လောက် ထူးချွန်တဲ့ စုံထောက်မျိုး မတွေ့ဖူးသေးဘူး၊ သူလိုလူမျိုး နောက်နှစ်ပေါင်းတစ်ရာတောင် ပေါ်မယ် မထင်ပါဘူးဗျာ ”

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိလေတော့၏။

**********************

(၂)

ရုံးအားရက် တစ်ရက်တွင် ကျွန်ုပ်၏ ဇနီး မေသည် သူမ အလွန်နှစ်သက်သော ငါးခေါင်းဟင်း နှင့် ငါးတန်ဗိုက်သားဆီပြန်ဟင်းကို ကြိုးစားပန်းစား ချက်ပြုတ်နေရှာ၏။ ကျွန်ုပ်သည် သူမချက်သော ဟင်းတို့ကို ကြည့်၍ ထမင်းစားရမည့် အရေးကို တွေးကာ လွန်စွာ စိတ်ညစ်နေလေ ၏။

ကျွန်ုပ်၏ ဇနီး မေသည် ဟင်းချက်လက်ရာ အလွန်ညံ့ဖျင်း၏။ သူမ၏ ဟင်းတို့သည် မည်သည့်အခါမျှ အစပ်အဟပ်တည့်ခြင်းမရှိ၊ ငန်သည့်အခါ အလွန်ငန်၏။ ချဉ်သည့်အခါ အလွန်ချဉ်၏။ ထမင်းချက်သည့် အခါတွင်လည်း ကျောက်ခဲကဲ့သို့မာသည့်အခါ မာ၏။ ကော်ကဲ့သို့ ပျော့သည့်အခါ ပျော့၏။

ယခုလည်း သူမ လွန်စွာနှစ်သက်သော ငါးခေါင်းဟင်းကို စိတ်ပါလက်ပါ ချက်ပြုတ်နေလေ ၏။ ကျွန်ုပ်သည် ငါးခေါင်းဟင်းကို လွန်စွာမုန်း၏။ သူမ၏ ငါးခေါင်းဟင်းမှာ ချဉ်စပ်စပ် အရသာ ရှိ၏။ ထိုဟင်းထဲတွင် နံနံပင်၊ ပူစီနံ၊ ပင်စိမ်းရွက် အစရှိသော အရွက်များလည်း ပါ၏။

ငါးတန်ဗိုက်သား၊ ဆီပြန်ဟင်းကိုလည်း ကျွန်ုပ်နှစ်သက်ခြင်း မရှိ၊ ထိုဟင်းကို စားပြီးသည်နှင့် အီလည်လည်ကြီး ခံစားရ၏။

မည်သို့ပင်ဖြစ်စေ မိန်းမကြောက်ရွံ့သူတို့၏ ထုံးစံအတိုင်း သူမချက်သော ဟင်းတို့ကို မညည်းမညူ စားရပေတော့မည်။ ထိုအခိုက်မှာပင် တယ်လီဖုန်းခေါင်းလောင်းမြည်သံ ကြားရ၍ ကောက်ကိုင်လိုက်ရာ ဦးပေါ်ဦးထံမှ ဖြစ်ပြီး ၎င်းက . . .

“ ဟေ့လူ . . . ဒီနေ့ နေ့လယ်စာကို တရုတ်တန်းက ဆိုင်တစ်ဆိုင်မှာ သွားစားရအောင်”

ဟုဆိုလိုက်ရာ ကျွန်ုပ်သည် ရေငတ်တုန်း ရေတွင်းထဲ ကျသလိုဖြစ်ကာ . . .

“ ဟာ . . . မင်းကြီး ခေါ်တယ်ဆိုရင်တော့ အခုပဲ သွားကြတာပေါ့၊ ခင်ဗျား မြန်မြန် လာခေါ်ဗျာ ”

ဟု မေ ကြားအောင် အော်ဟစ်ပြောဆိုလိုက်လေ၏။ ထိုစကားကို ကျွန်ုပ်နှင့်ဦးပေါ်ဦးသာ နားလည်သော စကားဖြစ်၏။ မေက ကျွန်ုပ်တို့၏ စကားကို နားထောင်၍ နှုတ်ခမ်းစူကာ . . .

“ ကိုကိုတို့ မင်းကြီးကလည်း ရုံးပိတ်ရက်လေးတောင် ကောင်းကောင်း၊ မနေရဘူး၊ သိပ် ခိုင်းတာပဲ၊ မေက ကိုကို့ကို ငါးတန်ဗိုက်သားနဲ့ ငါးခေါင်းချဉ်ရည်ဟင်း ကျွေးမလို့ ကြိုးစားပမ်းစား ချက်နေတာ”

ဟု ဆိုလိုက်ရာ ကျွန်ုပ်လည်း ကျောချမ်းသွားပြီး . . . .

“ မင်းကြီးက ကိုကိုနဲ့ ဦးပေါ်ဦးကြီးကို အားကိုးလို့ ခဏခဏ ခေါ်တာပေါ့ မေရဲ့၊ ဒီတော့ ရာထူးတက်စရာရှိရင်လည်း ကိုကိုတို့ပဲ တက်မှာပေါ့”

ဟု ဆိုလိုက်ရာ ငွေနှင့်ဂုဏ်ကို လွန်စွာမက်မောလေ့ရှိသော မေသည် ပါးစပ်ပိတ်သွားလေ ၏။ ဖို့ဒ်ကားစုတ်လေးကို ဆီဖြည့်ကာ ရန်ကုန်မြို့ထဲသို့ ထွက်ခဲ့လေ၏။ လမ်းတွင် ဦးပေါ်ဦးက . . .

“ ကျုပ်ထက် မိန်းမကြောက်ရတဲ့သူနဲ့ လာတွေ့နေပြီ”

ဟု နောက်ပြောင်လေရာ ကျွန်ုပ်က . . .

“ မေချက်တဲ့ ငါးခေါင်းချဉ်ရည်ဟင်းကို စားရမှာ စိုးလို့ပါဗျာ၊ ဒီလောက်လည်း မကြောက် ရပါဘူး”

ဟု စာေဒက တက်လေ၏။

ဦးပေါ်ဦးက . . .

“ အေးဗျာ ၊ ခင်ဗျားမိန်းမနဲ့ ကျုပ်မိန်းမ တူတာ တစ်ချက် ရှိတယ်၊ အဲဒါကတော့ သူတို့ကိုယ် သူတို့ လှအောင်ပအောင် ပြင်ဆင်တက်တာကလွဲလို့

ဘယ်နေရာမှ သုံးလို့မရတာ ပဲ”

ဟု ပြောဆိုလေရာ ကျွန်ုပ် တဟားဟား ရယ်မောလိုက်လေ၏ ။ ရန်ကုန်မြို့တွင်းသို့ ရောက်သောအခါ ၁၉ လမ်းထိပ်တွင် ဖွင့်လှစ်ထားသော တရုတ်စားသောက်ဆိုင်သို့ ကားကို မောင်းနှင်ခဲ့လေ၏ ။

စားသောက်ဆိုင်သို့ ရောက်သောအခါ အစိမ်းကြော်၊ ချိုချဉ်ကြော်၊ အခေါက်ကင်၊ ကြံမဆိုင် ဟင်းချို စသည့် တရုတ်အစားအစာများကို မှာယူ၍ အားရပါးရ စားသောက်ကြလေ၏ ။ ဦးပေါ်ဦးက

“အိမ်က မိန်းမတွေမခေါ်ဘဲ ကျုပ်တို့ နှစ်ယောက်တည်း စားရတာ အရသာရှိလိုက်တာဗျာ”

ဟု ပြောလေ၏ ။ ကျွန်ုပ်လည်း မေ့လက်ရာ ငါးခေါင်းဟင်းကို သတိရပြီး ဦးပေါ်ဦးကို စကား ကို ထောက်ခံလေ၏ ။

ကျွန်ုပ်တို့ နှစ်ဦးသည် တစ်နာရီကျော်မျှ စားသောက်ပြီးစီးသောအခါ ဦးပေါ်ဦးက . . .

“ ဟေ့လူ . . . စားသောက်ပြီးရင် ဘိုင်စကုတ်သွားကြည့်မယ်ဗျာ”

ဟု ဆိုပြန်လေ၏ ။ ကျွန်ုပ်သည် ခေါင်းညိတ်လိုက်ပြန်၏ ။ ဦးပေါ်ဦးသည် စားပွဲထိုးလူငယ်ကို ခေါ်ယူ၍ ကျသင့်ငွေ တောင်းခံရာ ငွေလေးကျပ် ကျလေ၏ ။ သူသည် ပိုက်ဆံရှင်းရန် ဘောင်းဘီ အိတ်ထဲသို့ နှိုက်လိုက်ရာ ပိုက်ဆံအိတ် ပါမလာပေ။ ဦးပေါ်ဦးက . . .

“ ဟာ . .. ကျုပ်ပိုက်ဆံအိတ် မေ့ကျန်ခဲ့ပြီဗျာ၊ ခင်ဗျားပဲ ရှင်းလိုက်”

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း အင်္ကျီအိတ်ထဲသို့ နှိုက်လိုက်ရာ ငွေတစ်ပြားတစ်ချပ်မျှ မပါသ ဖြင့် မျက်လုံးပြူးသွားလေ၏ ။ ကျွန်ုပ်က . . .

“ ဟေ့လူ . . . ကျုပ်လည်း ပါမလာဘူးဗျ”

ဟု ဆိုလိုက်ရာ ဦးပေါ်ဦးသည် " ဟိုက် " ခနဲဖြစ်သွားလေ၏။ ကျွန်ုပ်က . . .

" ဒီတစ်ခါတော့ အရှက်ကွဲပြီ ထင်တယ်ဗျို့"

ဟု ညည်းညူလေရာ ဦးပေါ်ဦးက . . . .

" မတက်နိုင်ဘူးဗျာ၊ ဆိုင်ရှင်ကို ခေါ်ပြောရမှာပဲ၊ ဒီမှာ ငါ့ညီ ဆိုင်ရှင်ကို သွားခေါ်ကွာ"

ဟုဆိုကာ စားပွဲထိုးလူငယ်ကို ခိုင်းစေလိုက်လေ၏။ ခဏအကြာတွင် စားပွဲထိုးလူငယ်နှင့် အတူ ဆိုင်ရှင်တရုတ်ဝဝကြီး တစ်ယောက် လိုက်ပါလာ၏။ ဦးပေါ်ဦးက မျက်နှာချိုသွေး၍ . . .

" ဒီမှာ ထောင်ကဲ . . . ကျုပ်တို့က စီအိုင်ဒီကပါ"

ဟု ဆိုကာ စီအိုင်ဒီကဒ်ပြားကို ထုတ်ပြလေ၏။ ထိုအခါ တရုတ်ကြီးက မျက်နှာရှုံ့မဲ့၍ . .

" စီအိုင်ဒီက ဘာဖြစ်လဲ၊ ကျုပ်တို့ဆိုင်မှာ ဘာအမှုမှမဖြစ်ဘူး၊ ဘိန်းလည်း မရောင်းဘူး"

ဟု ဘုကျကျ ပြန်ပြောလေရာ ကျွန်ုပ်သည် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။ မျက်နှာ ပြောင်ဟန်ရှိသော ဦးပေါ်ဦးကမူ . . .

" ကျုပ်တို့မှာ အခက်အခဲ ဖြစ်နေပါတယ်၊ အဲဒီ အခက်အခဲကတော့ . . . . "

ဟု ဆိုလိုက်ရာ တရုတ်ကြီးက . . .

" ဘာအခက်အခဲလဲ၊ အိမ်သာတက်ချင်လို့လား၊ အိမ်သာ တက်ချင်ရင် နောက်ဖေးသွား၊ ဝမ်းမရပ်ရင် ဆင်နှစ်ကောင် ဝမ်းနှုတ်ဆေးကို သောက်လိုက်၊ ဒါလေးများ ဝကို ခေါ်စရာမလိုပါဘူး"

ဟု ထင်ရာစွတ်ပြောလေ၏။ ဦးပေါ်ဦးသည် မျက်နှာရှုံ့မဲ့သွားပြီး . . .

"အိမ်သာတက်ချင်လို့ မဟုတ်ပါဘူးဗျာ၊ စားသောက်ပြီး ငွေရှင်းခါနီး မှ ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ပါ"

တောင်းပန်လိုက်ရာ ဆိုင်ရှင်တရုတ်ကြီးက . . .

"ဝဆိုင်ဖွင့်တာ ကြာလာပြီ၊ ဒါမျိုးတွေ ရိုးနေပြီ၊ စီအိုင်ဒီကဆိုပြီး ပိုက်ဆံမရှင်းဘဲ လစ်ထွက်မလို့ မဟုတ်လား၊ မရဘူးကိုယ့်လူ၊ ပိုက်ဆံမပါရင် ရှိတာအကုန် ချွတ်ထားခဲ့"

ဟု ဆိုလိုက်ရာ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် ဗုဒ္ဓေါဟု ဘုရားတလိုက်မိလေ၏။ ထိုအခိုက်မှာပင် ကျွန်ုပ်တို့၏ နောက်နားမှ . . .

"ရှိတာအကုန်ချွတ်ထားခဲ့စရာ မလိုပါဘူးဗျာ၊ ဒီလူနှစ်ယောက် စားတာကို ကျုပ်ရှင်းမှာပါ"

ဟူသော အသံကို ကြားလိုက်ရ၍ ကျွန်ုပ်သည် ဝမ်းသာအားရ နောက်သို့ လှည့်ကြည့်လိုက် လေ၏။ ထိုအခါ သက္ကလတ်ဦးထုပ်တစ်လုံးကို ခပ်ငိုက်ငိုက် ဆောင်း၍ ကျောခိုင်းထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရလေ၏။ ထိုသူကို တွေ့သောအခါ ကျွန်ုပ်က ဝမ်းသာအားရဖြင့်

"ကိုမင်းအောင် . . . ကိုမင်းအောင်"

ဟု အော်ဟစ်လိုက်လေ၏။ မှန်ပေသည်။ ထိုသူသည် ကျွန်ုပ်တို့ မိတ်ဆွေကြီး ဆားပုလင်း မင်းအောင်ပင် ဖြစ်တော့၏။ ဆားပုလင်းမင်းအောင်သည် ရွှေဘိုဂါတ်မှ ရန်ကုန်သို့ ပြန်လည် ရောက်ရှိနေပြီ၊ ဦးပေါ်ဦးကြီးကလည်း . . .

"ခင်ဗျားကို တွေ့လိုက်ရတာ လကွယ်ည သန်းခေါင်ယံမှာ လမင်းကြီးကို တွေ့လိုက်ရသလို ပါပဲဗျာ၊ ကျုပ်တို့ အခက်အခဲကို ကူညီပါဦး"

ဟု ဆိုသဖြင့် ဆားပုလင်းမင်းအောင်က ကျွန်ုပ်တို့

စားသောက်ထားသော ငွေလေးကျပ်ကို စိုက်ရှင်းပေးလေ၏။

ကျွန်ုပ်က . . .

“ ကိုမင်းအောင် ဘယ်တုန်းက ရန်ကုန်ရောက်နေတာလဲ”

ဟု မေးမြန်းလိုက်ရာ ကိုမင်းအောင်က . . .

“ ဒီနေ့မနက်ပဲ ကျုပ် ရွှေဘိုက ပြန်ရောက်တယ်၊ အဝေးပြေးကား တစ်စီးနဲ့ လမ်းကြုံလို့ လိုက်လာတာ၊ ကမ်းနားလမ်း မှာဆင်းပြီး ၁၉ လမ်းဘက်ကို တရုတ်စာ စားရအောင် ဆင်းလာခဲ့ တာပဲ၊ အဲဒီ မှာ ခင်ဗျားတို့နှစ်ယောက် တွေ့လိုက်ရတာ ပဲ”

ဟု ရှင်းလင်းပြလေ၏။ ဦးပေါ်ဦးက . . . .

“ ကိုမင်းအောင် ကယ်ပေလို့ပေါ့ဗျာ၊ ဒီတရုတ်ကြီးပုံစံက စီအိုင်ဒီတွေ ဘာတွေ နားလည်မဲ့ ပုံ မရဘူးဗျ၊ ရှိတာအကုန် ချွတ်ယူမဲ့ပုံစံဗျ”

ဟု ဆိုလိုက်ရာ ကျွန်ုပ်တို့ အားလုံး ဝါးခနဲ ရယ်မောလိုက်ကြလေ၏။

***********************

(၃)

အင်းစိန်စီအိုင်ဒီသို့ ဆားပုလင်းမင်းအောင် ရောက်ရှိပြီး နှစ်ရက်အကြာတွင် ပန်းဆိုးတန်း လမ်းတွင် လူသတ်မှုဖြစ်သည်ဆို၍ ကျွန်ုပ်တို့ စုံထောက်ကျော်များ သွားရောက်ရန် ပြင်ဆင် ရလေ၏။

ထိုအချိန်တွင် ဆားပုလင်းမင်းအောင်သည် အင်းစိန်စီအိုင်ဒီသို့ ရောက်မလာသဖြင့် ကျွန်ုပ် နှင့် စုံထောက်ကျော် ဦးပေါ်ဦးသည် ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊ နေအိမ်သို့ သွားရောက်ရပြန်၏။ ဆားပုလင်းမင်းအောင်၏ နေအိမ်သို့ ရောက်သောအခါ အိမ်တံခါးကို သော့ခတ်ထားပြီး တံခါးဝတွင် စာတစ်စောင် ကပ်ထား သည်ကို တွေ့ရ၍ ဦးပေါ်ဦးက . . .

“ ဒုက္ခပါပဲဗျာ၊ လူသတ်မှု ဖြစ်ကာမှ ကိုမင်းအောင်က ဘယ်ကိုသွားလဲ မသိဘူး၊ စာကို သွားယူကြည့်ဦးမှာ ”

ဟု ဆိုကာ ကားပေါ်မှဆင်း၍ စာကို ယူဖတ်ကြည့်လေရာ ခရစ်ယာန်သာသနာပြုကျောင်း တစ်ကျောင်းသို့ ဟောပြောရန် ဖိတ်ကြားခြင်းခံရ၍ သွားရောက်ကြောင်း၊ နေ့လယ်ဆယ့်နှစ်နာရီ ခန့်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း ရေးသားထားသည်ကို တွေ့ရ၏။

ကိုမင်းအောင်သည် မကြာခဏ ဆိုသလို ထိုကဲ့သို့ ဟောပြောပွဲများကို ဖိတ်ကြားခြင်း ခံရလေ့ရှိ၏။ ကျွန်ုပ်က . . .

“ ဆယ်နှစ်နာရီ ထိုးတော့မယ်ဗျာ၊ ကိုမင်းအောင်ကို စောင့်ပြီး ခေါ်သွားမယ်၊ ကိုမင်းအောင် မပါရင် ကျုပ်တို့နှစ်ယောက် အူကြောင်ကြောင် ဖြစ်နေမယ်”

ဟု ပြောလေရာ ဦးပေါ်ဦးက

“ စောင့်တာပေ့ါဗျာ”

ဟု ဆိုကာ ကားပေါ်မှာပင် ထိုင်စောင့်နေလေရာ ဆယ့်မိနစ်ခန့်အကြာတွင် ဆားပုလင်း မင်းအောင် ပြန်ရောက်လာသဖြင့် လူသတ်မှုဖြစ်ပွားရာ ပန်းဆိုးတန်းသို့ ထွက်ခဲ့လေ၏။ လမ်းတွင် ဦးပေါ်ဦးက . . .

“ ကိုမင်းအောင် သာသနာပြုကျောင်းမှာ ဘာတွေ ဟောပြောခဲ့သလဲဗျ”

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က . . .

“ လူပျိုပေါက်အရွယ် ကလေးသူငယ်တွေရဲ့ စိတ်ပညာနဲ့ ပတ်သက်တဲ့ အကြောင်းအရာ တွေကို ဟောပြောခဲ့တယ်ဗျာ၊ ဒီအရွယ် ကလေးသူငယ်တွေဟာ လူ့ဘဝမှာ အရေးကြီးဆုံးအချိန်ပဲ၊ အကောင်းနဲ့ အဆိုးကို နှစ်မျိုးစလုံးဖြစ်နိုင်တဲ့ အရွယ်ပဲဗျာ၊ သူတို့ရွယ်ဟာ လမ်းဆုံလမ်းခွမှာ ရောက်နေတဲ့ အရွယ်၊ အပေါင်းအသင်းမှားပြီး မိဘတွေ အထိန်းအသိမ်း မတက်ရင် မကောင်းတဲ့ ဘက်ကို ရောက်သွားနိုင်တယ်”

ဟု ဆိုလေရာ ကျွန်ုပ်က . . .

“ ကိုမင်းအောင်ကတော့ဗျာ ဗဟုသုတစုံပါပေ့၊ အခုလို ကိုမင်းအောင် ကိုယ်တိုင် လိုက်ဟောတော့ ကျောင်းတွေမှာ အတော်အကျိုးများမှာပဲ”

ဟု ဆိုလိုက်ရာ ဆားပုလင်းမင်းအောင်က . . .

“ ဒါပေမဲ့ ကျွန်တော့်ကို ဟောပြောဖို့ ဖိတ်တဲ့ကျောင်းတွေက များသောအားဖြင့် ခရစ်ယာန် သာသနာပြုကျောင်းတွေ ချည်းပဲဗျာ၊ မြန်မာအမျိုးသားကျောင်းတွေက ဖိတ်ကြားရကောင်းမှန်း မသိကြဘူးဗျာ”

ဟု ဝမ်းနည်းဟန်ဖြင့် ပြောဆိုလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော ဖို့ဒ်ကားစုတ်ကလေးသည် ပန်းဆိုးတန်းလမ်း သို့ ရောက်ခဲ့လေ၏။ လူသတ်မှုဖြစ်ပွားရာ တိုက်ခန်းမှာ

ပန်းဆိုးတန်းအလယ်ဘလောက်တွင် ရှိလေ၏။ ထိုတိုက်ခန်းရှေ့တွင် အင်းစိန်စီအိုင်ဒီမှ စုံထောက်ကိုတင်လှတို့ ကားရပ်ထားသည်ကို တွေ့ရ၍ ဦးပေါ်ဦးက . . .

“ မျောက်လောင်းတွေတော့ ရောက်နေပြီဗျို့၊ ဘာတွေ ပေါက်ကရ လုပ်ထားလဲ မသိဘူး”

ဟု နောက်ပြောင်လေ၏။ ဆားပုလင်းမင်းအောင်သည် လူသတ်မှု ဖြစ်ပွားသည်ဆိုသော သုံးထပ်မြောက်အခန်းသို့ ရှေ့မှ ဦးဆောင်၍ တက်သွားလေ၏ ။ အဆိုပါ အခန်းသို့ ရောက်သော အခါ စုံထောက် ကိုစိန်မြင့်တို့ လူစုသည် လွန်စွာ အလုပ်များနေသည်ကို တွေ့ရလေ၏။

စုံထောက်ကိုတင်လှသည် သေသူ၏ ရင်တွင် ထိုးစိုက်ဝင်နေသော ဓားမြှောင်လက်ကိုင်ရိုး ကို မှန်ဘီလူးဖြင့် သေချာစွာ စူးစိုက်ကြည့်နေလေ၏။

စုံထောက်ကိုစိန်မြင့်ကမူ သေသူ၏ အဝတ်အစားဗီရိုကြီးကို ဖွင့်၍ တစ်စုံတစ်ရာကို ရေးကြီး သုတ်ပျာ ရှာဖွေနေလေ၏။

၎င်းတို့လူစုနှင့်အပြိုင် လွန်စွာဟန်ကြီးပန်ကြီးနိုင်သော ဓာတ်ပုံသတင်းထောက် တစ်ဦး သည် လူသေအလောင်းကြီးကို ရှုထောင့်မျိုးမျိုးမှ ဓာတ်ပုံရိုက်ယူနေလေ၏။ ထိုအခြင်းအရာကို ကြည့်၍ ဦးပေါ်ဦးက . . .

“ ကိုစိန်မြင့်တို့နဲ့အပြိုင် မျောက်လောင်းတစ်ကောင် တိုးပြန်ပြီဗျို့၊ ဒီမျောက်က မျောက်ဖင်နီ ဖြစ်လိမ့်မယ်”

ဟု မှတ်ချက်ချလေ၏။ ထိုဓာတ်ပုံသတင်းထောက်သည်

“ သတင်းဦးဖြစ်ဖို့ အရေးကြီးတယ်”

ဟု တတွတ်တွတ် အော်ဟစ်နေရာမှ ဆားပုလင်းမင်းအောင်ကို မြင်သောအခါ ဓာတ်ပုံ ကင်မရာဖြင့် ဖျက်ခနဲရိုက်လိုက်ပြီး

“ နာမည်ကျော်ဆားပုလင်းမင်းအောင် ဒီအမှုနဲ့ ပတ်သက်ပြီး ဘာတွေကြိုတင်တွေးတော ထားသလဲ”

ဟုမေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က . . .

“ ဘာကိုမှ ကြိုတင်တွေးတောမထားဘူး၊ ကျုပ်ဟာ မဖြစ်သေးတဲ့ အရာတွေရယ်၊ ဖြစ်ပြီးသမျှ ကိစ္စတွေရယ်ကို ဘယ်တော့မှ မတွေးတောဘူး၊ ပစ္စုပ္ပန်ထဲမှာပဲ နေလေ့ရှိတယ်”

ဟု ပြောလေရာ ဓာတ်ပုံသတင်းထောက်သည် မှတ်စု စာအုပ်ကို ဖွင့်၍ ကပျာကရာ ရေးမှတ် နေလေသည်ကို တွေ့ရလေ၏။ ဆားပုလင်းမင်းအောင်သည် သေသူ၏ အနီးသို့ ဒူးထောက် ထိုင်ချလိုက်၏။ သေသူသည် အသက်ငါးဆယ်ဝန်းကျင့်ခန့်အရွယ်ရှိပြီး သန်မာ ဖျတ်လတ်သော ဟန်ပန်ရှိ၏။ ရုပ်ရည်ရူပကာမှာ ကြမ်းတမ်းခက်ထန်သည့်အပြင် နှုတ်ခမ်းမွေး ကားကားကြီးလည်း ရှိ၏။ သေသူ၏ လက်မောင်း လက်ဖျံတို့တွင် ဆေးမင်ကြောင်များ ရေးထိုးထားသည်ကိုလည်း တွေ့ရ၏။ သေသူ၏ လက်တွင် ပတ်ထားသော လက်ပတ်နာရီမှာ ကိုးနာရီတွင် ရပ်တန့်နေသဖြင့် သေဆုံးချိန်ကို ဖော်ပြနေလေ၏။

သေသူ၏ အင်္ကျီအိတ်ထဲတွင် ငွေအကြွေအချို့နှင့် ငွေစက္ကူများ၊ မက္ကာဆင့်ဘဏ်တွင် အပ်နှံထားသော ဘဏ်စာရင်းစာအုပ်ကို တွေ့ရလေ၏။ ဆားပုလင်းမင်းအောင်သည် ဘဏ်စာရင်း စာအုပ်ကို ဖွင့်ကြည့်ရော ဘဏ်စာအုပ်ကြားမှ စာရွက်အပိုင်းအစတစ်ခု ထွက်ကျလာ၏။ ကိုမင်းအောင်က ကောက်ယူကြည့်ရှုလိုက်လေ၏။

ဆားပုလင်းမင်းအောင်သည် သေသူ၏ အနီးရှိ စားပွဲတစ်ခု၏ အံ့ဆွဲကိုဖွင့်ကြည့်လေရာ ကျည်ဆန်အပြည့်ဖြည့်ထားသော ခြောက်လုံးပြူးတစ်လက်ကို တွေ့ရလေ၏။ ထို့နောက် သေသူ၏ မျက်နှာချင်းဆိုင်

အခန်းတွင် နေထိုင်သူ ချစ်တီးကုလားတစ်ဦးကို စစ်မေးလေရာ သေသူသည် ဤတိုက်ခန်းတွင် တစ်ဦးတည်းနေထိုင်ကြောင်း သိရှိရပြီး သေသူ၏ ဝေယျာဝစ္စအလုပ်များကို ကုလားမလေးတစ်ဦးက လာရောက်လုပ်ကိုင်ကြောင်း ထွက်ဆိုလေ၏။

ဆားပုလင်းမင်းအောင်က ကုလားမလေးကို စစ်မေးလိုကြောင်း ပြောဆို၍ ပုလိပ်သား တစ်ဦးက ကုလားမလေးကို ခေါ်ယူပေးလေ၏။ ကုလားမသည် ထိတ်လန့်တုန်လှုပ်နေဟန်ရှိသဖြင့် ဆားပုလင်းမင်းအောင်က ချော့မေ့၍ မေးမြန်းရလေ၏။

“ မကြောက်ပါနဲ့ သေသူနာမည် သိပါသလား”

ဟု ဆိုလိုက်လေရာ ကုလားမက . . .

“ မသိပါဘူး၊ ဒါပေမဲ့ ဦးဇော်တိလို့ ထင်ပါတယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဦးဇော်တိ နာမည်နဲ့ စာလာပါတယ်”

ဟု ဖြေလေ၏။ ကိုမင်းအောင်က ခေါင်းညိတ်၍ . . .

“ သေသူဟာ ဒီရက်ပိုင်းမှာ တစ်စုံတစ်ရာကို စိုးရိမ်သောက ဖြစ်နေတဲ့ အမူအရာမျိုး တွေ့သလား”

ဟု မေးမြန်းလေရာ ကုလားမက . . .

“ တွေ့ပါတယ်၊ ဦးဇော်တိဟာ ဒီရက်ပိုင်းမှာ ပတ်ဝန်းကျင်ကို အမြဲသတိထားနေတာ တွေ့ရပါတယ်”

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်သည် ကုလားမကို ကျေနပ်လောက်အောင် စစ်ဆေးပြီးနောက် သေသူ၏ တိုက်ခန်းကိုလှည့်လည်စစ်ဆေးလေ၏။ ဗီရိုများကို တစ်ခဏမျှ မွှေနှောက်ရှာဖွေ၍ လျှပ်စစ်မိန်းခလုတ် ချထားသည်ကို မြင်သဖြင့် မိန်းခလုပ်ကို ဖွင့်လိုက်ရာ

မီးပြန်လင်းလာသည်ကို တွေ့ရပြီး ခေါင်းမိုးပေါ်တွင် တပ်ဆင်ထားသော ပန်ကာကြီးမှာလည်း တဝီဝီလည်လေတော့၏ ။

ကိုမင်းအောင်သည် လျှပ်စစ်မီးခလုပ်ကို စစ်ဆေးကြည့်ရှုပြီးနောက် အောက်ထပ်သို့ ဆင်းသွားပြန်၏ ။ ပြီးနောက် အိမ်ပေါ်တက်သို့ ပြန်တက်လာပြီး . . .

“ ကျွန်တော်တို့ ဒီလောက်နဲ့ ကျေနပ်ပါပြီဗျာ ပြန်ကြစို့”

ဟု ဆိုလိုက်ရာ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် အမှုကို စိတ်ဝင်စားခြင်း မရှိသည်နှင့် သာမန်မျှ သာ စစ်ဆေးကြည့်ရှုပြီး ကိုမင်းအောင်နှင့် ပြန်လိုက်ခဲ့လေ၏ ။

စုံထောက်ကိုစိန်မြင့်တို့ လူစုမှာမူ အလောင်းကြီးအနီးတွင်ထိုင်၍ သဲလွန်စကို သဲကြီးမဲကြီး ရှာဖွေနေဆဲ ဖြစ်၏ ။ ဦးပေါ်ဦးသည် ၎င်းတို့လူစုကို အမြင်ကတ်သည်နှင့် . . .

“ ဟေ့လူတွေ . . . မပြန်သေးဘူးလား၊ လူအထင်ကြီးအောင် လုပ်မနေနဲ့ဗျို့၊ နောက်ဆုံး တော့ တရားခံကို ဆားပုလင်းမင်းအောင်က ဖမ်းပေးရမှာပဲ”

ဟု နောက်ပြောင်လေရာ စုံထောက်ကိုစိန်မြင့်တို့ လူစုသည် ဦးပေါ်ဦးကြီးနှင့် စကားနိုင်လု၍ မပြောဆိုတော့ဘဲ မကြားချင်ဟန် ဆောင်နေလေ၏ ။ ကားပေါ်သို့ ရောက်သောအခါ ကိုမင်းအောင်က . . .

“ ရွှေတိဂုံဘုရားခြေရင်းက ဒေါ်အမာထမင်းဆိုင်ကို သွားကြမယ်ဗျို့”

ဟု ဆိုသဖြင့် ကားကို ရွှေတိဂုံဘုရားဘက်သို့ ဦးတည်၍ မောင်းနှင်ခဲ့လေ၏ ။ ထမင်းစား သောက်ရင်း ဦးပေါ်ဦးက . . .

“ လူသတ်မှုနဲ့ ပတ်သက်ပြီး သဲလွန်စကောက်လို့ ရပြီလား ကိုမင်းအောင်”

ဟု မေးမြန်းလေရာ ကိုမင်းအောင်က . . .

“ သေသူဟာ အလုပ်အကိုင် မယ်မယ်ရရ မရှိပေမဲ့ မက္ကဆင့်ဘဏ်က ငွေစာရင်း စာအုပ်မှာ ငွေအတော်များများ ရှိတယ်ဗျ၊ သေနတ်တစ်လက်ကိုလည်း လိုင်စင်မရှိဘဲ တရားမဝင်ကိုင်ဆောင် ထားတယ်၊ ဒီရက်ပိုင်းမှာ ပန်းဆိုးတန်းတစ်ဝိုက်က တိုက်ခန်းတွေဟာ ဓာတ်တိုင်လဲကျလို့ မီးမကြခဏ ပျက်လေ့ရှိတယ်၊ ဒီအခွင့်အရေးကို အရယူပြီး လူသတ်သမားက လျှပ်စစ်ဝန်ထမ်းဟန် ဆောင်ပြီး အိမ်ထဲကို ဝင်လာခဲ့တယ်ဗျ၊ အိမ်ထဲကို ရောက်တော မီးခလုတ်ကို ဟန်ပြစစ်ဆေးပြီး အိမ်ဖော်ကုလားမလေး ရှိ မရှိ အကဲခတ်တယ်၊ ကုလားမလေး မရှိတာ သေချာမှ သေသူကို စကားတွေ ပြောခဲ့သေးတယ်ဗျ၊ တရားခံသောက်ခဲ့တဲ့ စီးကရက်ပြာတွေကို မိန်းခလုတ်နားမှာ တွေ့ရတယ် . . .

ဦးဇော်တိဟာ အံဆွဲထဲက ခြောက်လုံးပြူးသေနတ်ကို ဆွဲယူဖို့ ကြိုးစားတုန်းမှာ တရားခံရဲ့ ဓားချက်နဲ့ အသက်ထွက်သွားရတာ ပဲ၊ တရားခံဟာ ဓားမြှောင်နဲ့ ပစ်ပေါက်လိုက်ပုံရတယ်၊ သေသူ ဦးဇော်တိနဲ့ တရားခံဟာ ရန်ငြိုးကြီးကြီးမားမား ရှိပုံရတယ်၊ ဦးဇော်တိဟာ တရားခံရောက်လာမယ် ဆိုတာ ကြိုတိထားတယ်၊ ဒီပုံအတိုင်းဆိုရင်တော့ လူသတ်မှု ဖြစ်ဦးမှာပဲဗျို့ ”

ဟု ဆိုလိုက်ရာ ကျွန်ုပ်က . . .

“ သေချာလှချည်လားဗျာ၊ ဘာကို ကြည့်ပြီး ပြောနိုင်တာလဲ ”

ဟု ဆိုလိုက်လေ၏။ ကိုမင်းအောင်က စာရွက်အပိုင်းအလေးတစ်ခုကို ဖြန့်ကြည့်လေ၏။ ထိုစာရွက်မှာ . . .

| |
|---|
| ထမင်းဆီဆမ်း ရွှေလင်ပန်း |

ဟူ၍ ဖြစ်၏။ ဦးပေါ်ဦးက . . . .

“ ထမင်းဆီဆမ်း ရွှေလင်ပန်း ဆိုပါလားဗျ၊ ဘာအဓိပ္ပာယ်လဲ”

ဟုမေးမြန်းလေရာ ဆားပုလင်းမင်းအောင်က . . .

“ ဒီစာရွက်ကို ဘဏ်စာအုပ်ကြားက တွေ့တာဗျ၊ တစ်စုံတစ်ခုကို သတိပေးတဲ့သဘောနဲ့ ရေးပို့လိုက်တဲ့ စကားဝှက်တစ်ခု ထင်တာပဲ၊ အတိအကျတော့ ပြောလို့မရဘူး”

ဟု ပြောဆိုလေ၏ ။

နောက်တစ်နေ့ထုတ် သတင်းစာများတွင် ပန်းဆိုးတန်းလမ်း လူသတ်မှုနှင့် ပတ်သက်၍ အကျယ်တဝင့် ရေးသားဖော်ပြကြပြီး သူကြီးဂေးဇက်သတင်းစာများတွင် ဆားပုလင်းမင်းအောင်၏ ပုံကို ဖော်ပြ၍ . . .

“ ဘာကိုမျှ ကြိုတင်မတွေးတောသော ဆားပုလင်းမင်းအောင်”

ဟု ခေါင်းစဉ် တပ်ထားလေရာ ဦးပေါ်ဦးက . . .

“ ဟန်ကြီးပန်ကြီးနိုင်တဲ့ သတင်းထောက် လက်ချက်ပဲဗျို့”

ဟု မှတ်ချက်ချလေ၏ ။

ပန်းဆိုးတန်း လူသတ်မှု ဖြစ်ပွားပြီး လေးရက်အကြာတွင် အင်စိန်နံ့သာကုန်းလမ်းပေါ်ရှိ ခြံကြီးတစ်ခြံတွင် လူသတ်မှု ဖြစ်ပွားသည်ဆို၍ သွားရပြန်၏ ။ လမ်းတွင် ဆားပုလင်းမင်းအောင်က . . .

“ ကျွန်တော် ပြောတဲ့ လူသတ်မှုရဲ့ နောက်ဆက်တွဲ ထင်တယ်”

ဟု ပြောဆိုလေ၏ ။

လူသတ်မှု ဖြစ်ပွားရာ ခြံကြီးရှေ့တွင် လူများစု အုံနေသဖြင့် ကျွန်ုပ်တို့၏ ဖို့ဒ်ကားစုတ် ကလေးကို ခပ်လှမ်းလှမ်းတွင် ရပ်၍ အိမ်ကြီးထဲသို့ လမ်းလျှောက်သွားရလေ၏ ။ အိမ်ကြီး၏ ခြံစည်ရိုးများကို သံတိုင်များဖြင့်

ကာရံထားပြီး ခြံတံခါးကြီးမှာလည်း သံတံခါးမကြီးပင် ဖြစ်၏။ ခြံဝင်းထဲတွင် အင်းစိန်ဂါတ်မှ ပုလိပ်များနှင့် စုံထောက်ကိုစိန်မြင့်တို့ လူစုကို မျက်စိနောက်ဖွယ်ကောင်းအောင် တွေ့ရလေ၏။ စုံထောက်ကိုတင်လှသည် လာရောက်ကြည့်ရှုနေသော လူအုပ်ကြီးကို . . .

“ သဲလွန်စတွေ ပျောက်ကုန်မယ်”

ဟု အော်ဟစ်ကာ မောင်းထုတ်နေသော်လည်း လူအုပ်ကြီးမှာ နောက်သို့ ဆုတ်မသွားဘဲ ကိုစိန်မြင့်ကိုပင် ပြန်လည်လှောင်ပြောင်နေသဖြင့် ပုလိပ်များက နံပါတ်တုတ်များဖြင့် ဝှေ့ယမ်း၍ မောင်းထုတ်ရလေ၏။

ကျွန်ုပ်တို့လူစု အိမ်ကြီးထဲသို့ ဝင်ရောက်သွားသောအခါ အသက်သုံးဆယ်ဝန်းကျင် မိန်းမ တစ်ဦးသည် တရှုံ့ရှုံ့ငိုယိုနေသည်ကို မြင်ရလေ၏။ ထိုမိန်းမ၏ အနီးတွင် သေသူ၏ အလောင်းကြီး ကို တွေ့ရလေ၏။

သေသူသည် ကြမ်းပြင်ပေါ်တွင် လဲကျနေပြီး နံကြားတွင် ဓားမြှောင်တစ်ချောင်း စိုက်ဝင်နေ ၏။ ဓားမြှောင်၏ အရိုးကို ကြည့်ခြင်းအားဖြင့် ပန်းဆိုးတန်းလူသတ်မှု၏ နောက်ဆက်တွဲ ဖြစ်မည်ဟု ဆားပုလင်းမင်းအောင် ပြောခဲ့ပုံကို အမှတ်ရလိုက်လေ၏။

တရားခံသည် တစ်ဦးတစ်ယောက်တည်းပင် ဖြစ်ပုံရ၏။ ဆားပုလင်းမင်းအောင်က သေသူ၏ ခန္ဓာကိုယ်ကို အနီးကပ် ကြည့်ရှုစစ်ဆေးနေလေ၏။ သေသူမှာ အသက်ငါးဆယ် ဝန်းကျင် အရွယ်ပင်ဖြစ်ပြီး အသားလတ်လတ် ဥပဓိရုပ်ကောင်းကောင်းဖြစ်၏။ သေသူ၏ ကိုယ်မှ သွေးစီးကြောင်းသည် ကြမ်းပြင်ပေါ်သို့ စီးကျနေလေ၏။

အိပ်ခန်းအလယ်ရှိ တိုင်မကြီးပေါ်တွင် လှံတိုတစ်ချောင်း စိုက်ဝင်နေသည်ကိုလည်း တွေ့ရ၏။ သေသူသည် လူသတ်သမားကို ခုခံကာကွယ်ခဲ့ပုံရ၏။ ဆားပုလင်းမင်းအောင်သည် သေသူ၏ အလောင်းကို

ကျေနပ်အောင် ကြည့်ရှုစစ်ဆေးပြီးနောက် ငိုယိုနေသော မိန်းမဘက်သို့ လှည့်၍ . . .

“ နာမည် ဘယ်လိုခေါ်သလဲ”

ဟုမေးမြန်းလေ၏ ။ မိန်းမက . . .

“ မတင်ရီ လို့ ခေါ်ပါတယ်”

ဟု ဖြေလေ၏ ။ ထို့နောက် . . .

“ သေသူဦးဘခက်ကို ဘယ်သူ အရင်ဆုံး တွေ့သလဲ”

ဟု မေးမြန်းလေရာ ထိုမိန်းမက . . .

“ ကျွန်မနဲ့ တူမလေး အေးစိန် တွေ့တာပါ၊ ညက အစ်ကိုကြီးကို အိမ်မှာထားပြီး ကျွန်မတို့ မင်းသားအောင်ဘညိုပွဲကို သွားကြည့်ကြတာပါ၊ မနက်လေးနာရီမှာ အိမ်ပြန်ရောက်တော့ အစ်ကိုကြီးကို သေနေတာကို တွေ့ရတာ ပါပဲရှင်”

ဟု ပြောဆိုလေ၏ ။ ဆားပုလင်းမင်းအောင်သည် ဗီရိုတစ်လုံးကို ဖွင့်၍ ရှာဖွေလေရာ စာရွက်ခေါက်လေးတစ်ခုကို တွေ့ရသဖြင့် ဖြန့်ကြည့်လိုက်ရာ . . .

| ထမင်းဆီဆမ်း ရွှေလင်ပန်း |
|---|

ဟု ရေးသားထားသည်ကို တွေ့ရလေ၏ ။ ဆားပုလင်းမင်းအောင်သည် သေသူကို ကျေနပ်လောက်အောင် စစ်ဆေးကြည့်ရှုပြီး အိမ်ထဲမှ ထွက်ခဲ့လေ၏ ။ လူအုပ်ကြီးကို တိုးဝှေ့ထွက် ခဲ့ပြီး ဖို့ဒ်ကားစုတ်ကလေးဆီသို့ ရောက်သောအခါ ကားကူရှင်ပေါ်တွင် စာရွက်ခေါက်ကလေးကို တွေ့ရသဖြင့် ဖြန့်ကြည့်လိုက်လေရာ . . .

“ အင်းစိန် စီအိုင်ဒီမှ စုံထောက်များသို့ ”

မတင်စိန်ကို ဂရုစိုက် စစ်ဆေးပါ၊ မတင်စိန်ဟာ အောင်ဘဆိုတဲ့
လူရမ်းကားတစ်ယောက်နဲ့ လင်ငယ်နေပါတယ်၊ ဦးဘခက်ကို မတင်စိန်နဲ့ အောင်ဘ
ပေါင်းပြီး သတ်တာ ဖြစ်နိုင်တယ် . . .

(အမှုမှန် ပေါ်စေလိုသူ)

ဟူ၍ တွေ့ရလေ၏ ။ ဦးပေါ်ဦးက စာကို ဖတ်ရှု၍ . . .

" ဒီအမှုဟာ ပစ်စာတွေ ဘာတွေ ပါလာပါလားဗျ၊ ကိုမင်းအောင် ဘယ်လို သဘောရသလဲ"

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က . . .

" ဒီအမှုမှာ ပစ်စာနဲ့ မဆိုင်ဘူးဗျ၊ လူသတ်သမားဟာ ပန်းဆိုးတန်းလမ်း လူသတ်မှု တရားခံနဲ့ တစ်ယောက်တည်း ဖြစ်တယ်၊ မတင်စိန်ဟာ အောင်ဘ ဆိုတဲ့လူနဲ့ လင်ငယ်နေ ကောင်းနေမယ်၊ ဒါပေမဲ့ အောင်ဘဟာ လူသတ်တရားခံ မဟုတ်ဘူး၊ ပစ်စာရေးတဲ့သူက အောင်ဘ နဲ့ ရန်ငြိုးရှိပုံရတယ်၊ ပစ်စာထဲမှာ ရေးသားတဲ့ အသုံးအနှုန်းကို ကြည့်ပါလား၊ လူရမ်းကား အောင်ဘ တဲ့ဗျ၊ ကျုပ်ထင်တဲ့အတိုင်းဆိုရင် လူသတ်မှုတစ်ခုတော့ ဖြစ်ဦးမှာပဲဗျို့"

ဟု ပြောဆိုလေ၏ ။ ထိုအခါ ကျွန်ုပ်က . . .

" လူတွေကလည်း သတ်လှချည်လားဗျ၊ လူသတ်သမားဟာ အတော်အငြိုးကြီးပုံရတယ်"

ဟု ဆိုလိုက်လေရာ ကိုမင်းအောင်က ခေါင်းညိတ်၍

" အငြိုးကြီးရုံမကဘူးဗျို့၊ ကြံရည်ဖတ်ရည်လည်း ရှိတယ်၊ လက်ရုံးရည်၊ နှလုံးရည်နဲ့လည်း ပြည့်စုံတဲ့သူပဲ၊ ကျုပ်နဲ့ ဉာဏ်ရည်ခြင်း ပြိုင်နိုင်မဲ့သူဗျ"

ဟု ပြောဆိုလေ၏ ။ ဆားပုလင်းမင်းအောင်၏ စကားသည် မှန်ကန်လှ၏ ။ တစ်ပတ်ခန့် အကြာတွင် နှင်းဆီကုန်းဘက်ရှိ ခြံကြီးတစ်ခြံတွင်

လူသတ်မှု ဖြစ်သည်ဆို၍ ကျွန်ုပ်တို့ စုံထောက်ကျော်များ သွားရောက်ရပြန်၏။ ခြံကြီးရှေ့သို့ ရောက်သောအခါ ပုလိပ်သားများ အစောင့်ချထားသဖြင့် လူသတ်မှုဖြစ်ပွားရာ ခြံကို အလွယ်တကူ သိရှိနိုင်လေ၏။ ပုလိပ်သားများက ခြေစုံရပ်၍ ကျွန်ုပ်တို့ လူစုအား ဆလံပေးလေ၏။

ခြံကြီး၏ အရှေ့ မြေကွက်လပ်တွင် လှပသော ပန်းရောင်စုံများ စိုက်ပျိုးထားလေ၏။ ပန်းစိုက်ခင်းများ၏ နောက်တွင် သစ်သားအိမ်ငယ်လေးတစ်လုံးကို မြင်ရပြီး ထိုအိမ်ကလေးတွင် လူသတ်မှု ဖြစ်ပွားပုံရလေ၏။

အိမ်ကလေး၏ ရှေ့တွင် ရာဇဝတ်အုပ်တစ်ယောက်က ကျွန်ုပ်တို့လူစုအား ကြိုဆိုနေလေ၏။ စုံထောက်ကိုတင်လှတို့လူစုသည် မှုခင်းဖြစ်ပွားရာသို့ ရောက်ခဲ့ပုံ မရသေးပေ။ ရာဇဝတ်အုပ်က အမှုဖြစ်ပွားပုံကို ဆားပုလင်းမင်းအောင်အား ရှင်းလင်းပြသ၏။

" သေသူရဲ့ နာမည်က ဦးစိန်ကြိုင်ပါ၊ သူဟာ တပည့်တစ်ယောက်နဲ့ အလောင်းကို သူ့တပည့် ဉာဏ်ဝင်းက တွေ့တာပါ၊ ဉာဏ်ဝင်းဟာ ညဘက်ဆိုရင် ခြံစောင့်တာဝန်ကို ယူရပါတယ် . . .

ယနေ့ည ရှစ်နာရီလောက်မှာ ခြံရှေ့က အိမ်လေးကို စောင့်အိပ်ဖို့ အလာမှာ တစ်စုံ တစ်ယောက်ရဲ့ ရိုက်နှက်မှုကို ခံရပြီး မေ့မြောသွားပါတယ်၊ သူ သတိရလာတော့ ည ဆယ်နာရီ ခန့် ရှိပါပြီ၊ သတိရရချင်း အိမ်ထဲကို ဝင်လာကြည့်တော့ သူ့ဆရာ ဦးစိန်ကြိုင်ဟာ အသတ်ခံရပြီး သေဆုံးနေပါပြီ"

ဆားပုလင်းမင်းအောင်သည် ရာဇဝတ်အုပ်စကားကို သေချာစွာ နားထောင်၍ လူသတ်မှု ဖြစ်ပွားရာ အခန်းထဲသို့ ဝင်ရောက်သွားလေ၏။ သေသူ၏ အလောင်းသည် မီးဖိုခန်းနှင့် အိပ်ခန်း အကြား လူသွားလမ်းပေါ်တွင် ဝမ်းလျားမှောက် လဲကျနေ၏။ သေသူ၏ နောက်ကျောတွင် ဓားမြှောင်တစ်ချောင်း

စိုက်ဝင်နေ၏။ စားမြောင်လက်ကိုင်ရိုးကို မြင်လိုက်သည်နှင့် ဦးပေါ်ဦးက . . .

“ ထမင်းဆီဆမ်းရွှေလင်ပန်းပဲဗျို့ ”

ဟု မှတ်ချက်ချလေ၏။ လူသတ်သမားသည် ရက်ပိုင်းအတွင်းမှာပင် လူသုံးယောက် သတ်ဖြတ်ခဲ့ပြီးပေပြီ၊ သေသူ၏ အသက်မှာလည်း ငါးဆယ်ဝန်းကျင်အရွယ်ပင် ရှိ၏။ သူ၏ တစ်ကိုယ်လုံး ထိုးကွင်းမင်ကြောင်များ ရေးထိုးထားလေ၏။ သေသူ၏ ပုံသဏ္ဌာန်မှာ တိုက်ရဲခိုက်ရဲ ပြီး မိုက်ဝံ့၊ သတ်ဝံ့သူတစ်ဦး ဖြစ်ဟန်တူ၏။

ဆားပုလင်းမင်းအောင်သည် သေသူ၏ အိတ်ထဲသို့ မွှေးနှောက်ရှာဖွေလေရာ ဂရေစီယာ ရေခဲတောင် စီးကရက်တစ်ဘူးနှင့် အကြွေးစာရင်းများကိုသာ တွေ့ရလေ၏။

ဆက်လက်၍ သေသူ၏ ဗီရိုကြီးကို ဖွင့်လှစ်ရှာဖွေလေရာ သံသေတ္တာတစ်လုံး အပြည့်ရှိ သော ရွှေဒင်္ဂါးများကို တွေ့ရလေ၏။ ကျွန်ုပ်က . . .

“ ဟာ . . . ရွှေဒင်္ဂါးတွေ မနည်းပါလားဗျ၊ ဒီလူကြီးက သူဌေးကြီးပဲ”

ဟု ရေရွတ်မိလေ၏။ ဆားပုလင်းမင်းအောင်သည် ရွှေဒင်္ဂါးများကို အသိသက်သေများ၏ ရှေ့တွင် သိမ်းဆည်းရန် စီမံရလေ၏။

ထို့နောက် ခြံဝင်းအတွင်းသို့ ဆင်း၍ ကြည့်ရှုစစ်ဆေးပြန်၏။ လူသတ်သမားက ရိုက်နှက် သွားသည်ဆိုသော သေသူ၏ တပည့်ဖြစ်သူကို ခေါ်ယူ၍ စစ်ဆေးလေ၏။ ဆားပုလင်း မင်းအောင်က . . .

“ ညက ရိုက်သွားတဲ့သူကို မျက်နှာမြင်လိုက်သလား”

“ မမြင်လိုက်ပါဘူး၊ နောက်က ရိုက်လိုက်တာပါ”

“ သေသူ ဦးစိန်ကြိုင်က ဒီရက်ပိုင်းမှာ တစ်စုံတစ်ရာကို သတိထားနေတဲ့ အမူအရာမျိုး တွေ့ရသလား”

“ တွေ့ရပါတယ်၊ ဦးစိန်ကြိုင်ဟာ ဒီရက်ပိုင်းမှာ ကျွန်တော့်ကို ဂရုစိုက်ပြီး စောင့်ကြပ်ဖို့ မှာကြားပါတယ်၊ ခြံဝင်းထဲကို လူစိမ်းအဝင်မခံဖို့ ပြောဆိုပါတယ်၊ ခုခံကာကွယ်ဖို့ ဓားတစ်ချောင်း လည်း ပေးပါတယ်”

ဆားပုလင်းမင်းအောင်သည် ခြံပြင်ဘက်သို့ထွက်၍ အရိပ်ကောင်းသော သစ်ပင်ကြီး အောက်သို့ သွားရောက်စစ်ဆေးနေပြန်၏။ ထို့နောက်တွင်မူ လမ်းတစ်ဖက်ရှိ မြက်ခင်းအစပ်သို့ သွားရောက်ကာ သားရေတုတ်တစ်ချောင်းကို ကောက်ယူလိုက်လေ၏။ ဦးပေါ်ဦးက . . .

“ ဒီတုတ်က ဘာလုပ်ဖို့လဲဗျ”

ဟု မေးမြန်းလေရာ ကိုမင်းအောင်က . . .

“ လူသတ်သမား အသုံးပြုသွားတဲ့ တုတ်ဗျ၊ ဒီတုတ်နဲ့ ခြံစောင့်လူငယ်ကို မေ့အောင် ရိုက်ခဲ့တာပဲ၊ ပြီးတော့ ခြံဝင်းထဲ ဝင်ရောက်ခဲ့တာဗျာ၊ ဒီအချိန်မှာ သေသူ ဦးစိန်ကြိုင်ဟာ မီးဖိုခန်းထဲ ဝင်ပြီး ကော်ဖီတစ်ခွက် ဖျော်သောက်နေတယ်၊ ဖျော်လက်စ ကော်ဖီပန်းကန်ကို ကြောင်အိမ်ပေါ်မှာ တွေ့ရတယ် . . .

လူသတ်သမားဟာ တံခါးမကြီးကို အသံမမြည်အောင် တိုးတိုးလေး ဖွင့်လိုက်တယ်၊ ဒါပေမဲ့ နားပါးတဲ့ ဦးစိန်ကြိုင်ဟာ ကြားသွားပြီး ကော်ဖီပန်းကန်ကို မသောက်သေးဘဲ ကြောင်အိမ်ပေါ် တင်ပြီး အိမ်ရှေ့ထွက်ကြည့်တာဗျ၊ အဲဒီ မှာ လူသတ်သမားနဲ့ ပက်ပင်းတိုးတာပဲဗျို့၊ လူသတ်သမား နဲ့ စကားပြောခဲ့ကြသေးတယ်၊ ပြီးတော့မှ ဦးစိန်ကြိုင်ဟာ ခုခံစရာ လက်နက် တစ်စုံတစ်ရာကို မီးဖိုချောင်ထဲမှာ ရှာဖို့ ပြေးထွက်ခဲ့တာဗျ၊ ဒါပေမဲ့ လူ ပြေးလို့ မလွတ်ခဲ့ဘူး၊ လူသတ်သမားက ဓားမြှောင်နဲ့ လှမ်းပေါက်လိုက်တော့ နောက်ကျောမှာစိုက်ပြီး သေဆုံးခဲ့ရတယ်”

ရှင်းလင်းပြလေ၏။ ကျွန်ုပ် ဆက်လက်၍ . . .

“ လူသတ်သမားဟာ လူတွေကို ဘာလို့ တစ်ယောက်ပြီး တစ်ယောက်

သတ်ဖြတ်နေတာ လဲ မသိဘူး”

ဟု ရေရွတ်လိုက်လေရာ ဆားပုလင်းမင်းအောင်က . . .

“ ရန်ငြိုးရန်စပေါ့ဗျာ၊ ဒီလူကြီးသုံးယောက်နဲ့ လူသတ်သမားဟာ ရန်ငြိုးရန်စ ကြီးကြီးမားမား ရှိခဲ့ပုံရတယ်၊ လူသတ်သမားကို အရင်ဆုံး ရိပ်မိခဲ့တာ ဦးစိန်ကြိုင်ဗျ၊ သူက တစ်ဆင့် ဦးဇော်တိနဲ့ ဦးဘခက်ကို ထမင်းဆီဆမ်းရွှေလင်ပန်း ဆိုတဲ့ စကားဝှက်ဆန်ဆန် စာတွေရေးပို့ပြီး သတိပြု နေထိုင်ဖို့ သတိပေးခဲ့တာဗျ . . .

ဒီလူကြီးသုံးယောက်ဟာ အဆက်အသွယ် ရှိတယ်၊ သူတို့သုံးယောက်စလုံး အလုပ်အကိုင် မယ်မယ်ရရ မရှိပေမဲ့ လက်ထဲမှာ ငွေတွေအတော်များများကို ကိုင်ဆောင်ထားနိုင်တာ အံ့သြစရာပဲ”

ဟု ပြောလေ၏ ။ ထိုအချိန်တွင် အခင်းဖြစ်ပွားရာခြံရှေ့သို့ စုံထောက်ကိုစိန်မြင့်တို့၏ ကား ဝူးခနဲ ထိုးရပ်လာပြီး ကိုတင်လှတို့အဖွဲ့သည် ကားပေါ်မှ လွန်စွာအရေးကြီးသုတ်ပျာဟန်ဖြင့် ဆင်းလာကြလေ၏ ။ ၎င်းတို့သည် လူသတ်မှု ဖြစ်ပွားရာ အိမ်ထဲသို့ အပြေးအလွှား ဝင်ရောက်ကြ သဖြင့် ဦးပေါ်ဦးက . . .

“ ဖြည်းဖြည်းလုပ်ပါ ကိုယ့်လူတို့ရယ်၊ ဝမ်းလျားမှောက်လဲလို့ သွားကျိုးနေပါဦးမယ်”

ဟု နောက်ပြောင်လိုက်လေ၏ ။ ကျွန်ုပ်တို့ စုံထောက်ကျော်များ အခင်းဖြစ်ပွားရာအိမ်မှ ပြန်လာခဲ့သည့်အထိ ကိုစိန်မြင့်တို့ လူစုမှာ ပေကြိုးများ မှန်ဘီလူးများဖြင့် အလုပ်ရှုပ်၍ ကျန်ရစ်ခဲ့ လေ၏ ။

ဆားပုလင်းမင်းအောင်သည် အပြန်လမ်း တစ်လျှောက်လုံး တစ်စုံတစ်ရာကို လေးလေး နက်နက် တွေးတော၍ လိုက်ပါလာလေ၏ ။

**********************